ကြေးမုံ
The Mirror
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့ (17-9-2013) (၇၆၀၆)

စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်နိုင်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁၉ စင်တီမီတာ (သုည ဒသမ ခြောက်ပေခန့်)တွင် ရောက်ရှိနေပြီး နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၂/၂၀၁၃)
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၀၂ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ရှမ်းပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းအား ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပီတန်းပြိုင်ပွဲ အိမ်ရှင်မြန်မာ ရွှေ(၂)၊ ငွေ (၁)၊ ကြေး(၅)ခု ဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို

နေပြည်တော် စက်တင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို Petanque Test Match 2013 ပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ မွန်းလွဲပိုင်းတ နေပြည်တော် Gold Camp ရှိ ပီတန်းလေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး ငါးခု ဆွတ်ခူးရရှိခဲ့သည်။

ရွှေတံဆိပ်နှစ်ခုကို အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် သန်းဇော်ဦးက လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချောအိသူကလည်းကောင်း ဆွတ်ခူးခဲ့ပြီး ငွေတံဆိပ်ကို အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၌လည်းကောင်း၊ ကြေးတံဆိပ်များကို အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ် ယောက်တွဲပြိုင်ပွဲများတွင်လည်းကောင်း ရရှိခဲ့သည်။

ဆုရရှိသူများကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ထိုင်းအသင်းက ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး လေးခု၊ အိမ်ရှင်မြန်မာအသင်းက ရွှေ နှစ်ခု၊ ငွေ တစ်ခု၊ ကြေး ငါးခု၊ ဘရူနိုင်းအသင်းက ငွေ တစ်ခု၊ ကြေး တစ်ခုတို့ ဆွတ်ခူးခဲ့ကြသည်။

အမျိုးသား နှစ်ယောက်တွဲ ဒုတိယဆုရ မြန်မာ ယှဉ်ပြိုင်စဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ် Wing-6 သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် 1st Thailand-Myanmar High Level Committee Meeting တက်ရောက်ရန်အတွက် စက်တင်ဘာ ၁၅ ရက် မွန်းထွဲပိုင်းက မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် Wing-6 သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Admiral Yuttana Phagpolngan နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က လေယာဉ်လေ့ကွင်းထိပ်မှ ကြိုဆို နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာခေတ္တတည်းခိုမည့် Dusit Thani Hotel သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ☆

မှတ်သား ဖွယ်ရာ မိုးရေချိန်များ
၁၆-၉-၂၀၁၃

သထုံ	၇ ဒသမ ၃၂ လက်မ	ပေါင်	၅ ဒသမ ၁၂ လက်မ
ကျိုက်မရော	၆ ဒသမ ၄၉ လက်မ	မုဒုံ	၅ ဒသမ ၀၄ လက်မ
ညောင်လေးပင်	၅ ဒသမ ၅၂ လက်မ	လောင်းလုံ	၄ ဒသမ ဂ၄ လက်မ
သိမ်ဇရပ်	၅ ဒသမ ၄၇ လက်မ	သာယာဝတီ	၄ ဒသမ ၇၂ လက်မ
မော်လမြိုင်	၅ ဒသမ ၄၃ လက်မ	ကိုကိုးကျွန်း	၄ ဒသမ ၄၄ လက်မ
ဘီးလင်း	၅ ဒသမ ၃၅ လက်မ	ငါးသိုင်းချောင်း	၄ ဒသမ ၃၃ လက်မ
မြိတ်	၅ ဒသမ ၃၅ လက်မ	ရွှေကျင်	၄ ဒသမ ၁၃ လက်မ



ကြေးမုံ စာတည်းရှေ့ထောင့် ၁၇-၉-၂၀၁၃ [အင်္ဂါနေ့]

နှလုံးလှသူများ

အာရှာဖီနိုင်ငံ၏ လူထုကျန်းမာရေးစောင့်ရှောက်မှုတွင် ကျူးဘားနိုင်ငံမှ ဆရာဝန် ၄၀၀၀ ကို ခေါ်ယူအားဖြည့်ခဲ့ရကြောင်း သိရသည်။ ထိုဆရာဝန်များကို ဖွံ့ဖြိုးရေးအားနည်းသော နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသရှိ မြို့နယ် ၇၀၁ မြို့နယ်များသို့ စေလွှတ်တာဝန်ထမ်းဆောင်စေမည်ဆိုသည်။ ဤလုပ်ရပ်က မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရပြီးခါစ အချိန်ကာလကို အမှတ်ရမိစေပါသည်။ ထိုအချိန်က မိမိတို့နိုင်ငံတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုတွင် အိန္ဒိယမှဆရာဝန်များကို ငှားရမ်းခေါ်ယူခဲ့ကြသည်။

ဤကဲ့သို့ အခကြေးငွေရယူ၍ စေလိုရာစေ ရေခြားမြေခြားသို့တိုင် စွန့်စွန့်စားစား သွားရောက်တာဝန်ထမ်းခဲ့ကြသူများရှိသလို အခကြေးငွေမယူဘဲ တစ်နယ်တစ်ကျေးမှာ ယုံကြည်ချက်နှင့် ကိုယ်ကျိုးစွန့်အနစ်နာခံ အသက်ကိုထိုးပေးလှူခဲ့ကြသည့်နှလုံးလှဆရာဝန်များလည်း အများအပြားရှိခဲ့ပါသည်။

၎င်းတို့အနက်တစ်ဦးမှာ ကနေဒါနိုင်ငံသား ဒေါက်တာနော်မန်ဗက်သွန်း။ တရုတ်နိုင်ငံအနှံ့မှာ ဒေသခံများနှင့် အေးအတူပူအမျှ မျှဝေခံစား သွားလာလုပ်ရှား ဆေးဝါးကုသပေးရင်း နောက်ဆုံးတရုတ်နိုင်ငံကျေးလက်ဒေသမှာ ဓားဒဏ်ရာဖြင့် မေးခိုင်ပိုးဝင် မထင်မရှားကွယ်လွန်သွားခဲ့ရှာသည်။ တရုတ်ပြည်သူများ၏နှလုံးသားမှာ ဒေါက်တာ နော်မန်ဗက်သွန်း ထာဝရရှင်သန်နေဆဲ။

နောက်နှစ်ဦးမှာ ဂျာမနီနိုင်ငံသား ဇနီးမောင်နှံ။ ဒေါက်တာအဲလ်ဘတ်ရှွိုင်ဇာနှင့် သူ့ဇနီး။ အာဖရိကမှာဆေးဝါးကုသပေးမည့် ဆရာဝန်မရှိ၊ ဆေးဝါးမရှိ သေဆုံးနေကြရသည့်သတင်းကို ဂျာနယ်တစ်စောင်မှာ ဖတ်မိရာမှ ရှိသမျှ မိမိပိုင်ဆိုင်မှုများကို ရောင်းချ၊ ရသည့်ငွေနှင့်ဆေးဝါးတွေဝယ်၊ ဇနီးမောင်နှံနှစ်ဦး အာဖရိကသို့ အပြီးအပိုင်ထွက်ခွာလာခဲ့ကြသည်။ ဒေသခံများကို အခမဲ့ ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးရင်း အာဖရိကတောတွင်းမှာ ဘဝကိုအဆုံးသတ်သွားခဲ့ကြသည်။

ခေတ်သစ်ဆေးပညာ၏ဖခင်ကြီး ဟစ်ပိုကရက်တီးစ်၏ သစ္စာတရားကို ဦးထိပ်ပန်ဆင်ကာ ဟင်နရီဒူးနန့်၏ ကရုဏာနှလုံးသား၊ ဖလော်ရင့်နိုက်တင်ဂေး၏ ကရုဏာမျက်ဝန်း၊ နွေးထွေးသောလက်များနှင့် ဖွဲ့တည်ထုဆစ်ထားသော ထိုထိုသော နှလုံးလှဆရာဝန်များ လူသားအကျိုးအတွက် ကမ္ဘာအနှံ့ နေရာဒေသမရွေး စွန့်စားသွားလာ သမိုင်းပေးတာဝန်ကျေခဲ့ကြသူများ။

မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က လက်ထောက်ဆရာဝန်ရာထူးနေရာ ၁၅၀၀ ကျော် ခန့်ထားပေးခဲ့သည်။ ယခုနှစ်တွင်လည်း လစ်လပ်နေရာ ၁၁၆၄ နေရာအတွက် ဆက်လက်ခေါ်ယူနေကြောင်းသိရသည်။ နိုင်ငံအနှံ့မှာ အထူးသဖြင့် နယ်စွန်နယ်ဖျားဒေသများမှာ ကျမ်းကျင်ဆရာဝန်များ အမြဲလိုလိုလိုအပ်လျက်ရှိနေဆဲ။ ဆရာဝန် မရှိသည့် တိုက်နယ်ဆေးရုံများ အများအပြားရှိနေဆဲ။ ဆရာဝန်လာမည့်လမ်းဆီ မျှော်တလင်လင် စောင့်စားနေကြသည့် နယ်စွန်နယ်ဖျားမှ ပြည်သူများ။ ဤအဖြစ်မျိုးကို မဟာရန်ကုန်၏ အဝန်းအဝိုင်းအတွင်းမှာလည်း တွေ့နေရသည်။

လူဦးရေ ၄၀၀၀၀ ကျော် နေထိုင်လျက်ရှိနေသော လှိုင်မြစ်တစ်ဖက်ကမ်းတိုးချဲ့ ကြည့်မြင်တိုင်မြို့နယ်တွင် ကျေးလက်ဆေးပေးခန်း လေးခန်းရှိသည်။ ဆေးမှူးတစ်ဦး ကြီးကြပ်မှုအောက်မှာ သားဖွားဆရာမလေး လေးဦးပုံမှန်ထိုင်ပေးကြသည်။ ဆရာဝန်မရှိသော အနောက်ဘက်ကမ်း ကြည့်မြင်တိုင်၏ လက်ရှိအခြေအနေ။

ယခုဆရာဝန်အင်အား ထပ်ဆောင်းတိုးလာနေခြင်းက ကျန်းမာရေးတွင် အားရစရာမင်္ဂလာသတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတစ်နံတစ်လျားတာဝန်ကျသည့်အရပ်ဆီ မငြိုမငြင်သွားရောက်တာဝန်ထမ်းဆောင်ကြပါတော့မည်။ နှလုံးလှသော နောင်တော်ဆရာဝန်ကြီးများ၏ အတုယူစရာ နမူနာကောင်းများနှင့် ရှေ့ဆောင်လမ်းပြခံမှုများက တွန်းအားတစ်ရပ် ဖြစ်စေပါလိမ့်မည်။ သက်ရောက်မှုတိုင်းမှာ တည်သော တုံ့ပြန်သက်ရောက်မှုရှိစမြဲ။ ဒေသခံများဘက်ကလည်း ရင်းသားစွာနွေးထွေးမှုပေး ကြိုဆိုကြလိမ့်မည်။ တစ်ဦးက မေတ္တာ တစ်ဦးကစေတနာနှင့် အနာဂတ်ကျန်းမာရေးမြင်ကွင်းသည် မြူတိမ်ကင်း၍လမင်းသာ လှပသာယာရှိလာလိမ့်မည်။

နှလုံးလှခြင်းဟူသည် ပညာပြည့်ဝမှု၏ လက္ခဏာတစ်ရပ်လည်းဖြစ်သည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းသူ ဤနှလုံးလှဆရာဝန်လေးများက ဒေသ၏ ကျန်းမာရေးလေဟာနယ်ကို ကွက်လပ်မရှိ ဖြည့်စွမ်းပေးနိုင်ကြပါလိမ့်မည်ဟု ယုံကြည့်မျှော်လင့်မိပါသည်။ ။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၃)အစည်းအဝေးကို စက်တင်ဘာ ၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကန်းမြေရှိ ဘုန်းသဘင်ခန်းမ၌ ကျင်းပရာ သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏ ရာမဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသက သမ္မောဒနီယသြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ (၁/၂၀၁၃) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က (၁/၂၀၁၃) အစည်းအဝေး ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် ဗဟိုပညာရေးအဖွဲ့(၂/၂၀၁၃)အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူခြင်း၊ သာသနာ့တက္ကသိုလ် စိမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူခြင်း၊ သီရိလင်္ကာနိုင်ငံသို့ ပညာတော်သင် ကြွရောက်သည့် ရဟန်းတော်များအခြေအနေ၊ ဗဟိုအဖွဲ့ အဖွဲ့ဝင် တစ်ဦး ဖြည့်စွက်တာဝန်ပေးရေးကိစ္စ၊ (၁၉)ကြိမ်မြောက် သာသနတက္ကသိုလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့ခံယူမည့် ရဟန်းတော်များစာရင်းအတည်ပြုရေးကိစ္စတို့ကို ဆွေးနွေးတော်မူကြပြီး သဘာပတိ ဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားတော်မူသည်။ **(သတင်းစဉ်)**

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအကြောင်းတော်စသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချုန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၁၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ခေတ္တပိတ်ထားသော ချင်းတွင်းမြစ်တွင်းသွား ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ရေယာဉ်များ ပြန်လည်သွားလာခွင့်ပြု

မုံရွာ စက်တင်ဘာ ၁၆

ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာသို့ရောက်ရှိနိုင်ပြီး ရွှေစာရေးဝဲ၊ ပေဝဲ၊ ရွှေပုလင်ဝဲတို့ ကြမ်းတမ်းလာပြီဖြစ်သဖြင့် စက်တင်ဘာ ၁၂ ရက်မှစတင်၍ ကုန်တင်ရေယာဉ်၊ ခရီးသည်တင်ရေယာဉ်များ မထွက်ခွာဘဲ ရပ်နားထားရန် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားရာမှ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ကျဆင်းလာပြီဖြစ်သောကြောင့် စက်တင်ဘာ ၁၅ ရက်က ပြန်လည်ဖွင့်လှစ်ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ ၁၄ ရက်က ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ပြုလုပ်သည့် ရေယာဉ်အသင်းများညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ခရီးသည်တင်ယာဉ်၊ ကုန်တင်ရေယာဉ်များအနေဖြင့် ချင်းတွင်းမြစ်ရေအခြေအနေအရ ပြန်လည်ထွက်ခွာခွင့် ပြုလိုက်ပြီဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၉-၂၀၁၃ (အင်္ဂါနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၇း၀၀	သာယာသံကြေး ခေတ်ဆန်းတေး
၇း၃၅	တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၈း၁၀	စိုက်ပျိုးသုတ
၈း၃၅	ခရီးလည်း သွားစကားလည်းဆို
၄း၃၅	အဝလိပ်စာသုတ
၄း၄၅	မြန်မာသံစဉ်ချိုနှားဝင်
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်စံအိမ်" (ဒုတိယတွဲ) (အပိုင်း-၃၀)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မြင့်မြတ်စွာ ပေးဆပ်လေသော" (အပိုင်း-၃၄)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ဟာသရုပ်စုံ -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၅၅) - မြဝတီရုပ်မြင်သံကြားသတင်း - Mini Series - တရားတော်

သင်ယုံကြည်အားအထားရဆုံးနှင့် စိတ်အချရဆုံး အကောင်းဆုံး လက်စွဲစာအုပ်
ထူးချွန်ကျောင်းသားသုံး
အင်္ဂလိပ်-မြန်မာ အိပ်ဆောင်အဘိဓာန်
စကားလုံး(၆၀၀၀)ကျော်ပါဝင်ပါသည်။ စကားလုံးများကို ဘာသာစကားကျွမ်းကျင်သူများအဖွဲ့နှင့် အတွေ့အကြုံများသော ဆရာများက ဂရုတစိုက် ရွေးချယ်ထားသည့် အခြေခံအင်္ဂလိပ်စာအတွက် အမှန်တကယ် သိထားရန် လိုအပ်သောစကားလုံးများ ဖြစ်ပါသည်။ အမှန်ကန်ဆုံး အတိကျဆုံးနှင့် အနီးစပ်ဆုံး အသံထွက်စနစ်ဖြင့် ပြည့်စုံမှန်ကန်စွာ ရေးသားပြုစုထားသည့် စာအုပ်ကို လက်ကိုင်ထားခြင်းဖြင့် ကျောင်းသူ ကျောင်းသားများနှင့် အင်္ဂလိပ်စာလေ့လာသူများ၏ လိုအပ်ချက်၊ အားနည်းချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မည့် အိတ်ဆောင် အဘိဓာန်စာအုပ်ဖြစ်ပါသည်။
၁၅၀၀-ကျပ်
CityMart, TabBook Center, Ocean နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်းတွင် မေးမြန်းဝယ်ယူ
မဏ္ဍိုင်စာပေ-အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၃၉၂၈၃၅၊၀၉၅၀၅၆၈၄၃၊၀၉၇၃၀၅၉၈၃၅

ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုဆိုင်ရာ ရက်တိုသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နမ်းကြဲကျေးရွာအုပ်စု၌ အခြေခံလူတန်းစားများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်နေသော ဝါးခြင်းတောင်းရက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူလုပ်ငန်းရှင်များနှင့် လုပ်သားများအား တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်သွားရေး၊ ဈေးကွက်တိုးချဲ့ရရှိရေးများ ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာ၌ ဝါးယပ်တောင်ရိုးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးသည်။

ကျေးလက်ဒေသ ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် နမ်းကြဲကျေးရွာတွင် ဝါးခြင်းတောင်းလုပ်ငန်း ဆောင်ရွက်သူလုပ်သား ၃၀၀ ခန့်ရှိပြီး ရေကြည်ကျေးရွာတွင် ဝါးယပ်တောင်ရိုးလုပ်ငန်းဆောင်ရွက်သူ လုပ်သား ၁၀၀၀ ခန့်ရှိကြောင်း သိရသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီက ကြီးမှူးဖွင့်လှစ်သော ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုဆိုင်ရာ ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းအား သုံးစွဲသူ၊ စားသုံးသူ အကာအကွယ်ပေးရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်များရရှိရေး၊ လမ်းကြောင်းမှန်ပေါ်တွင် ကုန်သွယ်နေသူများအား အကာအကွယ်ပေးရေးအပြင် SMEs လုပ်ငန်းများ ထိခိုက်နေမှုများကို အကာအကွယ်ပေးရန်အတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီ အကောင်အထည်ဖော် ဆောင်ရွက်ရတော့မည့် ASEAN Economic Community (AEC) အတွက် အလေ့အကျင့်ကောင်းများရရှိစေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကုန်သည်လုပ်ငန်းရှင်များအား လမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှုပြုလုပ်သော အလေ့အကျင့်ကောင်းများရရှိစေရန်လည်း စည်းရုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန် ဇုန်(၁)ရှိ ကြယ်သုံးလုံးပဲခွဲစက်သို့ သွားရောက်ကြည့်ရှုပြီး ပဲမှုန့်ထုပ်များကို တရုတ်နိုင်ငံသို့ တင်ပို့သည်သာမက အာဆီယံနိုင်ငံများသို့ တင်ပို့နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ထထင်းစဉ်)**

ပိုလန်နိုင်ငံဆိုင်ရာ မြန်မာထံအမတ်ကြီး ပိုလန်သမ္မတထံ ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၁၇

ပိုလန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဝါဆောမြို့၌ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘရွန်နစ်စလော ကိုမိုရိုစကီး ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၆

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေး တတိယနေ့ကို တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ တိုင်းဒေသကြီးဆိုင်ရာ ဥပဒေကြမ်းများတင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေလင်ပန်းစက်မှုမြို့သစ် တန်ဖိုးနည်းအိမ်ရာစီမံကိန်းရှိ လူနေတိုက်ခန်းများ တည်ဆောက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုမြို့သစ် တန်ဖိုးနည်းအိမ်ရာ စီမံကိန်း လူနေတိုက်ခန်းများတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ

မိုးလေဝသ တိုင်းထွာချက်အသျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်း ဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးတစ်ချွန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အောက်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

သင်းသတ်ကုက္ကိုပင်ကြောင့် ပြည်သူများ အန္တရာယ်ကြုံတွေ့နိုင်

ကော့ကရိတ် စက်တင်ဘာ ၁၆

တရင်ပြည်နယ် ကော့ကရိတ်မြို့ ဆက်သွယ်ရေးရုံးဝင်းအတွင်းရှိ နှစ်ရှိသင်းသတ်ပြီးကုက္ကိုပင်ခြောက်ကြီးမှာ မိုးတွင်းကာလတွင် ဆွေးမြည့်ပြတ်ကျမည့် အန္တရာယ်ရှိနေပါသည်။ အများပြည်သူ ဝင်၊ ထွက်သွားလာသော ဌာနဖြစ်သည်အပြင် မြို့မအားကစားပြိုင်ဝင်းအနီးတွင်ရှိသဖြင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် ဖယ်ရှားရှင်းလင်းရန် လိုအပ်လျက်ရှိသည်။

အဆိုပါ သင်းသတ်ကုက္ကိုပင်သည် နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်များကို နှစ်ရှည်လများစွာ ခံခဲ့ရခြင်းကြောင့် ယခုအခါတွင် သစ်ကိုင်းများဆွေးမြည့်ပြတ်ကျခြင်း၊ လေဒဏ်ကြောင့် ဝေ့ယမ်းလှုပ်ခတ်မှုဖြစ်ပေါ်ခြင်း၊ ဈေးဝယ်သူ၊ သွားလာဖြတ်သန်းသူ၊ ရုံးဝန်ထမ်းများ၊ ဈေးဆိုင်ခန်းများနှင့် ဒေသခံပြည်သူများမှာ တစ်နေ့တခြား အန္တရာယ်ကျရောက်မည်ကို စိုးရိမ်နေကြရကြောင်း သိရသည်။ ၎င်းကုက္ကိုပင်ကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး ဖယ်ရှားရှင်းလင်းပေးရန် လိုအပ်ကြောင်း မြို့နေဒေသခံများက ပြောကြားသည်။ **(ယာပုံ)**

(နိုင်နိုင်ထွန်း-ကျူဗိုး)

စာရေးနည်း အခြေခံလမ်းညွှန် သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန် မြန်မာစာကို နည်းမှန်စနစ်မှန်ဖြင့် ရေးတတ်ရန်နှင့် သုတ၊ ရသစာပေတို့ကို ကျွမ်းကျင်စွာ ရေးတတ်စေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၄)ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်း၌ ကဗျာစပ်ပုံစပ်နည်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုရေးနည်းတို့ကို သင်ကြားပေးမည်ဖြစ်ကာ အောက်တိုဘာ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၀၁ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျောင်းသုံး ၊ လုပ်ငန်းသုံး ၊ ရုံးသုံး ဖလာစာအုပ် ၊ စာအိတ် နှင့် *Fastener Clip* ပါရှိသော *File Folder* အမျိုးမျိုးကို *International Standard* နှင့်အညီ စုံလင်သောအရောင်အသွေး ဆန်းသစ်သော ဒီဇိုင်း သေသပ်လှပသောထုပ်ပိုးမှုစနစ်တို့ဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ချိပေးနေပါသည်။

Main Office
No.3-(C1&2), Ward (9), U Tun Nyo Street, Hlaing Thar Yar Industrial Zone (6),Hlaing Thar Yar Township, Yangon.
Tel : 95 1 - 684292, 684348, 684349, 685961~2, 687736~39 Fax : 95 1 - 687728 E-mail : sales@decolandgroup.com

Show Room
No.326/328, 24th Street x Strand Road,Latha Township, Yangon
Tel : 09 1 - 382789, 09 732 28162

ကမ္ဘောဒီးယားနိုင်ငံရေး ပြိုင်ဘက်နှင်ဦး ဆွေးနွေးကြပြီ

နိုင်ငံရေးပြိုင်ဘက်ခေါင်းဆောင်များ၏ဆွေးနွေးပွဲရလဒ်ကို သတင်းယူရန် သတင်းထောက်များ စောင့်ဆိုင်းနေကြစဉ်။

ဖနောင်ပင်   စက်တင်ဘာ   ၁၆

ကမ္ဘောဒီးယားနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်အပေါ် အငြင်းအခုံပေါ်ပေါက်၍ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားရာတွင် လူတစ်ဦးသေဆုံးခဲ့ပြီး နောက်တစ်ရက်၌ နိုင်ငံရေးပြိုင်ဘက်များဆွေးနွေးလျက်ရှိကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံကို ၂၈ နှစ်ကြာ အုပ်စိုးလာခဲ့သည့် ဝန်ကြီးချုပ် ဟွန်ဆန်သည် အတိုက်အခံခေါင်းဆောင် ဆန်ရိမ်းဇီးနှင့် တနင်္လာနေ့တွင် တွေ့ဆုံခဲ့သည်။

ဇူလိုင်လတွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အာဏာရပါတီသည်မသမာမှုများပြုလုပ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲသည်။

တနင်္ဂနွေနေ့က မြို့တော်ဖနောင်ပင်၌ အတိုက်အခံထောက်ခံသူ ထောင်ပေါင်းများစွာက ဆန္ဒပြကြရာ အချို့နေရာများ၌ အဓိကရုဏ်းများဖြစ်ခဲ့သည်ဟု သတင်းများတွက်ပေါ်ခဲ့သည်။ ယင်းနေ့တွင် ဆန်ရိမ်းဇီးကိုထောက်ခံသူ ထောင်ပေါင်းများစွာက ၎င်း၏ မိန့်ခွန်းကိုနားထောင်ရန် ငြိမ်းချမ်းစွာ စုဝေးခဲ့ကြခြင်းဖြစ်သည်။

တနင်္ဂနွေနေ့နောင်းပိုင်း၌ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် အတိုက်အခံပါတီကို ထောက်ခံသော အုပ်စုငယ်အချို့ပါဝင်ခဲ့သည်ဟု ဆိုသည်။

လူတစ်ဦးသည် ဦးခေါင်းကိုသေနတ်ပစ်ခံရပြီး သေဆုံးခဲ့ကြောင်း၊ အနည်းဆုံးခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လှုပ်ရှားသူများနှင့် လူ့အခွင့်အရေးအုပ်စုတစ်စုက ပြောကြားသည်။

အမျိုးသားစစ်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ၎င်းတို့ရဲတပ်ဖွဲ့ဝင်များသည် မျက်ရည်ယိုဗုံး၊ နံပါတ်တုတ်နှင့် မီးခိုးဗုံးများကိုသာ အသုံးပြုခဲ့သည်ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အမျိုးသားလွှတ်တော်၌ တနင်္လာနေ့တွင် တံခါးပိတ်ဆွေးနွေးပွဲ မကျင်းပမီ နိုင်ငံရေးပြိုင်ဘက်နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခဲ့ကြပုံကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

အမျိုးသားရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ရလဒ်များအရ ကမ္ဘောဒီးယားပြည်သူ့ပါတီ(စီပီပီ)က ၆၈ နေရာ၊ အတိုက်အခံ ကမ္ဘောဒီးယားအမျိုးသား ကယ်တင်ရေးပါတီ(စီအန်အာပီ)က ၅၅ နေရာ အသီးသီးရရှိကြသည်။

မဲပေးပွဲတွင် မတရားနည်းလမ်းများကျင့်သုံးသဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အတိုက်အခံတို့က ပြောကြားသည်။ စက်တင်ဘာ ၂၃ရက်ပါလီမန်ဖွင့်သည်နေ့တွင် သပိတ်မှောက်ကြမည်ဟုလည်း ပြောကြားသည်။

ဘီဘီစီ၊

ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူ အသက် ၉၀ပြည့်မြောက်ပြီ

စင်ကာပူ   စက်တင်ဘာ   ၁၆

ခေတ်သစ်စင်ကာပူနိုင်ငံကို ထူထောင်ခဲ့ပြီး ယင်းနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သူ လီကွမ်ယူ၏ စက်တင်ဘာ၁၆ရက်တွင် ကျရောက်သော အသက် ၉၀ပြည့် မွေးနေ့အခါသမယတွင် အာရှနှင့် ဥရောပနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက ဂုဏ်ပြုသဝဏ်လွှာများကို ပေးပို့ကြကြောင်း ဒေသဆိုင်ရာ သထင်းဌာနများက သတင်းထုတ်ပြန်သည်။

လီကွမ်ယူ၏ ဘဝသမိုင်းကြောင်းနှင့် စင်ကာပူနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်ဆက်နွယ်မှုရှိနေကြောင်း၊ ယခုနှစ်သည် ဗြိတိန်နိုင်ငံထံမှ စင်ကာပူနိုင်ငံ လွတ်လပ်ရေးရရှိခဲ့မှ နှစ် ၅၀ပြည့်မြောက်သည့် နှစ်တစ်နှစ်လည်းဖြစ်ကြောင်း ဘုရင်မကြီး အယ်လိဇဘက်ထံမှ ပေးပို့သော ဝဏ်ပြုသဝဏ်လွှာတွင် ဖော်ပြထားသည်။

စီအင်န်အေ။

ရုရှားအရှေ့ဖျားဒေသရှိ သင်္ဘောကျင်း၌ လှန်းတင်ထားသော ရေငုပ်သင်္ဘောတစ်စင်းပေါ် မီးလောင်

မော်စကို   စက်တင်ဘာ   ၁၆

ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ သင်္ဘောကျင်းတစ်ခု၌ လှန်းတင်ကာပြင်ဆင်မွမ်းမံလျက်ရှိသော ရေငုပ်သင်္ဘောတစ်စင်းပေါ်၌ စက်တင်ဘာ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောပေါ်ရှိ ဓာတ်ဝေါင်းဖိုကို ပြင်ဆင်မွမ်းမံချိန်အတွင်း ပိတ်ထားပြီးဖြစ်သဖြင့် ဓာတ်ရောင်ခြည်ယိုစိမ့်မှု ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရုရှားနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဗလာဒီဗော့စတော့မြို့အနီးရှိ သင်္ဘောကျင်းတစ်ခု၌ ပြင်ဆင်မွမ်းမံမှုပြုနေသော ရေငုပ်သင်္ဘောပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တွမ်ခ်ဟုအမည်ပေးထားသော ရေငုပ်သင်္ဘောပေါ်၌ ဓာတ်ရောင်ခြည်ယိုစိမ့်မှုမရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ယင်းရေငုပ်သင်္ဘောကို ပြင်ဆင်လာခဲ့ပြီး ရေငုပ်သင်္ဘောပေါ်ရှိ ဓာတ်ပေါင်းဖိုကိုပိတ်ထားကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။ မီးကိုငြိမ်းသတ်နိုင်ခဲ့ပြီး အလုပိသမားများအားလုံးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ တစ်ဦးမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ရိုက်တာ။**

ကျူရှူးကျွန်း၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။

အင်အားပြင်းတိုင်ဖွန်း "မန်ယီ" ဂျပန်နိုင်ငံအလယ်ပိုင်းတွင်တိုက်ခတ်

တိုကျို   စက်တင်ဘာ   ၁၆

ဂျပန်နိုင်ငံအလယ်ပိုင်းဒေသတွင် အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြေပြိုမှုဖြစ်ပွားပြီး ရေလွှမ်းမိုးလျက်ရှိရာ သိန်းနှင့်ချီသောဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရကြောင်း ယနေ့ကျိုဒို သတင်းတွင် ဖော်ပြသည်။

မန်ယီဟုအမည်ပေးထားသော တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း ပြည်နယ်လေးခုမှ ဒေသခံပြည်သူ ၄၀၀၀၀၀ ထက်မနည်းကို ၎င်းတို့၏နေအိမ်များမှ စွန့်ခွာစေခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် ယနေ့နေ့လယ်ပိုင်းတွင် တစ်နာရီလျှင် ၅၅ကီလိုမီတာ(၃၄မိုင်)နှုန်းဖြင့် ရွေ့လျားနေကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်ပျံသန်းမှု ခရီးစဉ်များနှင့် ကျည်ဆန်ရထား ခုတ်မောင်းမှုများကို ရပ်ဆိုင်းထားခဲ့ရသည်။

ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့သော ခရိုင်များမှာ ကျိုတို၊ ရှိဂါ၊ ဟိုဂိုနှင့် မိခရိုင်များဖြစ်ကြောင်း ကျိုဒိုသတင်းတွင်ဖော်ပြသည်။

ကျိုတို၊ ဖူကွီနှင့် ရှိဂါခရိုင်များတွင် ညလုံးပေါက်မိုးရွာသွန်းခဲ့ပြီး မကြုံစဖူးရွာသွန်းမှုဖြစ်ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

စံချိန်တင်မြင့်မား

ယင်းဒေသများတွင် တစ်နာရီအတွင်းရွာသွန်းခဲ့သည့် မိုးရေချိန်ပမာဏမှာ ရှစ်စင်တီမီတာ (သုံးလက်မ)အထိ စံချိန်တင်မြင့်မားခဲ့သည်ဟု ယင်းသတင်းဌာနက ဖော်ပြသည်။

လတ်တလောရရှိသော သတင်းများအရ တိုင်ဖုန်းမန်ယီ တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးနေကာ လူရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း အန်အိပ်ချ်ကေသတင်းတွင် ဖော်ပြသည်။ **ကျိုဒို။**

ပြည်တွင်း၊ ပြည်ပရေးရာ

ပတ်စရာ၊ မှတ်စရာ နိုင်ငံတကာရေးရာ

အောင်မင်းစိုး

◆ ဖိလစ်ပိုင်အစိုးရတပ်များက နိုင်ငံတောင်ပိုင်း အဓိတမြို့ရှိအစိတ်အပိုင်းများကို သိမ်းပိုက်ထားသော မွတ်စလင်သူပုန်များကို တနင်္လာနေ့တွင် ရဟတ်ယာဉ်များအသုံးပြု၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ လူဒါဇင်ပေါင်းများစွာသေဆုံးခဲ့သော ရှစ်ရက်ကြာလိပ်ခဲ တည်းလည်းဖြစ်နေသည့် အခြေအနေကို အဆုံးသတ်ရန် အရှိန်မြှင့်တိုက်ခိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ ဇမ်ဘွန်ဝါမြို့ရှိ ကမ်းခြေကျေးရွာများကို သိမ်းပိုက်ထားသော မွတ်စလင်သူပုန်များကို ရဟတ်ယာဉ်နှစ်စင်း အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်က အတည်ပြုပြောကြားသည်။

....

◆ ရုရှားသမ္မတဗလာဒီမာပူတင်သည် ပင်လယ်နက်ကမ်းခြေ ဆိုချီမြို့တွင် တည်ဆောက်ခဲ့သော ရုရှားနိုင်ငံတကာအိုလံပစ်တက္ကသိုလ်ကို တနင်္လာနေ့တွင်ဖွင့်လှစ်ပေးခဲ့ကြောင်း ကရင်မလင်နန်းတော်က ထုတ်ပြန်ကြေညာသည်။ အိုလံပစ်တက္ကသိုလ်ကို ၂၀၀၉ ခုနှစ်က နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် ရုရှားအိုလံပစ်ကော်မတီတို့ သဘောတူညီချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

....

◆ အစ္စလာမ်မစ်စစ်သွေးကြွများဟု ယူဆရသူများက ဆိုင်းနိုင်းကျွန်းဆွယ်တွင် ရဲတပ်ဖွဲ့ဝင်များစီးနင်းလိုက်ပါလာသော ဘက်စ်ကားကို လမ်းဘေးထောင်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ကိုးဦးထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း အီဂျစ်လုံခြုံရေးတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

....

◆ အီရန်နိုင်ငံက ယခုနှစ်အစောပိုင်းတွင် မျောက်လိုက်ပါသည့် အာကာသယာဉ် လွှတ်တင်ပြီးနောက် ယခုတစ်ဖန် အမွေးရှည်သည့် ပါရှန်ကြောင်အမျိုးအစားတစ်ကောင်ကို အာတာသသို့စေလွှတ်ရန် စဉ်းစားနေကြောင်း အီရန်အာကာသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။ ယခုကဲ့သို့ တိရစ္ဆာန်များအာတာသသို့ စေလွှတ်နေခြင်းမှာ ၂၀၁၈ ခုနှစ်တွင် အီရန်နိုင်ငံက လူလိုက်ပါသည့် အာကာသယာဉ်များ စေလွှတ်ရန် ကြိုးစားနေခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟုဆိုသည်။

....

◆ အာဖဝန်ရွေးကောက်ပွဲကော်မရှင်က ၂၀၁၄ ရွေးကောက်ပွဲအတွက် သမ္မတလောင်းအမည်စာရင်းမှတ်ပုံတင်သွင်းမှုကို တနင်္လာနေ့တွင် စတင်လက်ခံနေပြီဖြစ်ကြောင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။ အမည်စာရင်းတင်သွင်းမှုကို သမ္မတလောင်း ရွေးပွဲတရားဝင်စတင်ယှဉ်ပြိုင်မည် အောက်တိုဘာ ၆ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်းသတင်းတွင်ဖော်ပြသည်။

....

◆ တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် ၁၉၅၀ - ၅၃ ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားသောမိသားစုများပြန်လည်ပေါင်းစည်းရေးသဘောတူညီချက်အရ ပြန်လည်ပေါင်းစည်းလိုသည့် မိသားစုပင်များ၏နောက်ဆုံးစာရင်းကို စက်တင်ဘာ ၁၆ ရက်တွင် လဲလှယ်ခဲ့သည်ဟု ဆိုးလ်ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

....

◆ ပါရှင်တန်ရေတပ်ပင်းအတွင်း တနင်္လာနေ့က ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးထိ ခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်ရေတပ်က ထုတ်ပြန်ကြေညာသည်။ ပစ်ခတ်မှုမှာ အဆောက်အအုံအတွင်း ဖြစ်ပွားခြင်းဖြစ်ပြီး စီအင်န်အင်န်သတင်းဌာနကမူ ဒဏ်ရာရရှိသူ လေးငါး၊ ခြောက်ဦးခန့်ရှိကြောင်းနှင့် ရေတပ်ဌာနချုပ် ငါးခုရှိသည့် အနက် အဆိုပါရေတပ်ဌာနချုပ်မှာအကြီးဆုံးဖြစ်ပြီး တာဝန်ထမ်းဆောင်နေသူ ၃၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။

ဗန်ကောက်မြို့ကထိန်းညှိစက်

စံကေသီ

ကျွန်မ ဗန်ကောက်မြို့ကို ရောက်ခဲ့ပါတယ်။ ဗန်ကောက်မြို့ကြီးဟာ မြို့ကွက်ဧရိယာအလွန်ကျယ်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အလွန်နီးပြီး တိုးတက်ခေတ်မီပြောင်းလဲမှုတွေနဲ့ လှပတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံက ကုန်သည်တွေဟာ ဖက်ရှင်မြို့တော်မှာ လက်တွန်းလှည်းအိတ်ကြီးတွေနဲ့ ဟိုဟိုဒီဒီသွားလာလှုပ်ရှားနေကြပါတယ်။ ဈေးဆိုင်တွေမှာ မြန်မာအလုပ်သမား တော်တော်များများရှိနေတာကိုလည်း သတိပြုမိခဲ့ပါတယ်။ အထူးသဖြင့် စားသောက်ဆိုင်တွေမှာ ဖြစ်ပါတယ်။ တချို့ဆိုင်တွေဆို စားသောက်ဖွယ်စာရင်း(Menu)ကို မြန်မာလိုပါ ရေးထားပါသေးတယ်။ အများစုက အဝလိပ်လို နားမလည်ကြပါဘူး။ ကျွန်မ လေဆိပ်ကနေ တည်းမယ့်နေရာကိုရောက်အောင် အငှားယာဉ်စီးတာတောင် ထိုင်းဘာသာနဲ့ ရေးထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကိုပြပြီး ရောက်အောင်သွားခဲ့ရပါတယ်။

လေဆိပ်ကနေ ပရက်တူနမ်ကို ရောက်ဖို့ မိနစ် ၄၀ လောက်စီးရတဲ့ လမ်းတစ်လျှောက်မှာ စိတ်ပင်စားစရာကောင်းတာက ကြော်ငြာဘေလ်ဘုတ်တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ဗုဒ္ဓဆင်းတုတော် ပုံတွေကို ခန္ဓာကိုယ်အနှံ့အပြားမှာ ဆေးမင်ကြောင်တွေ ရေးထိုးလာတဲ့အတွက် အစိုးရက မေတ္တာရပ်ခံတားမြစ်ထားတဲ့ ဘေလ်ဘုတ်တွေဖြစ်ပါတယ်။ ဗုဒ္ဓဆင်းတုတော်ပုံ ဆေးမင်ကြောင်ထိုးသူတွေဟာ ထိုင်းလူမျိုးအများစုဟုတ်၊ မဟုတ်တော့ သေချာမသိပါဘူး။ ကျွန်မတို့နိုင်ငံမှာလည်း ဒီဆေးမင်ကြောင်ထိုးတာ လူငယ်တွေကြားမှာ ဖက်ရှင်တစ်ခုအနေနဲ့ ခေတ်စားလာတော့ ဒီလိုမျိုးတွေဖြစ်လာမလားလို့ အတွေးတစ်ချက်ပင်လာမိပါတယ်။

ရှေ့မှာ ပြောခဲ့သလို လက်လုပ်လက်စားတွေ အဝလိပ်စာကို အကျွမ်းတပင်မရှိကြပေမယ့် ကျွန်မ အလုပ်တာဝန်နဲ့ တက်ခဲ့ရတဲ့ ဆွေးနွေးပွဲမှာတော့ ထိုင်းလူမျိုးတွေဟာ အင်္ဂလိပ်စာကိုတစ်ယောက်နဲ့တစ်ယောက် ဖြင်းခုန်ဆွေးနွေးနိုင်တဲ့အဆင့်ထိ တတ်ကျွမ်းကြတာကို တွေ့ခဲ့ရပါတယ်။ ထိုင်းပညာတတ်အသိုင်းအဝိုင်းဟာ နိုင်ငံတကာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာကို မဖြစ်မနေ တတ်မြောက်ထားရမယ်ဆိုတဲ့ အသိရှိတဲ့အပြင် ကျွမ်းကျင်အောင်လည်း လေ့ကျင့်ထားကြပါတယ်။ ဆွေးနွေးပွဲတက်တဲ့ ထိုင်းလူမျိုး ၁၅ ယောက်လောက်မှာ အသက် (၂၀)ကနေ (၅၀)လောက်ထိပါပင်ပြီး အင်္ဂလိပ်စာကို ကရားရေလွှတ်ပြောနိုင်ကြပါတယ်။

နောက်တစ်ခုက ထိုင်းနိုင်ငံဟာ ကမ္ဘာမှာ ကျော်ကြားတဲ့ကိစ္စတစ်ခုက လိင်လုပ်သားပေါ်များပြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံကပွဲဈေးနဲ့တူတဲ့ ညဈေးတစ်ခုမှာ (Sexy Show)လို့ ရေးထားတဲ့ ကတ်ကလေးတွေထောင်ပြီး လမ်းသွားလမ်းလာပြည်တွင်းပြည်ပခရီးသည်တွေကို ဆွဲဆောင်ခေါ်နေတဲ့ ယောကျ်ား၊ မိန်းမနဲ့မိန်းမလျာများ အလွန်များပါတယ်။ ညဈေးရှိတဲ့ နေရာတိုင်းမှာ ဒီလိုလိင်လုပ်သားတွေအများစုဟာ တံခါးဖွင့်ထားတဲ့ ဆိုင်တွေရဲ့ စတိတ်စင်ပေါ်မှာ ရေကူးပတ်စုံလိုမျိုးပတ်ထားပြီး ဖျော်ဖြေနေရတာပါပဲ။ ကျွန်မက ဒီအမျိုးသမီးငယ်တွေထဲမှာ မြန်မာနိုင်ငံက မိန်းကလေးတွေရှိနေမလားလို့ စိုးရိမ်ခဲ့မိပါသေးတယ်။ အခကြေးငွေ အနည်းအကျဉ်းအတွက် လိင်လုပ်သားဖြစ်နေကြတာ သိပ်သနားစရာကောင်းတယ်လို့ ကျွန်မက ပြောတော့ ထိုင်းနိုင်ငံမှာ ၁၇ နှစ်ကြာနေလာခဲ့တဲ့ ကျွန်မမိတ်ဆွေက " ဒီအမျိုးသမီးငယ်တွေဟာ သူတို့ဘဝကို သူတို့ကျေနပ်ကြပါတယ်။ သူတို့ဟာ မိတ်ဖက်နိုင်ငံခြားသားတွေကို ချိတ်ဆက်ထားပြီး အခကြေးငွေတောင်းခံကာ ဒီသံသရာထဲမှာလည်နေတာပါပဲ" လို့ပြောပြပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ အခြားအဖွဲ့အစည်းများစွာက သူတို့လေးတွေကို အကြမ်းကြမ်းစည်းရုံးဖူးတဲ့အကြောင်းနဲ့ သူတို့ကိုယ်တိုင်က လွတ်မြောက်လိုစိတ်နည်းပါးကြတဲ့အကြောင်းလည်း သိခဲ့ရပါတယ်။

မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ထိုင်းနိုင်ငံနဲ့ လက်တွဲလုပ်ဆောင်နေပြီး အထူးသဖြင့် အမျိုးသမီးနဲ့ ကလေးငယ်တွေ လူကုန်ကူးမှုထားဆီးတိုက်ဖျက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားပြီး အင်တိုက်အားတိုက်ဆောင်ရွက်နေတာကိုလည်း သိရပါတယ်။ ငွေကြေးတစ်ခုတည်းအတွက် အမျိုးသမီးငယ်လေးတွေ တစ်နယ်တစ်ကျေးမှာ လုပ်ကိုင်စားသောက်ရတာ အင်မတန်အန္တရာယ်များလွန်းပါတယ်။ ဘာသာစကားမတူ၊ ဥပဒေမတူတဲ့ တိုင်းတစ်ပါးမှာ ပိုဆိုးပါတယ်။ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအပြင် မိမိကိုယ်တိုင်လည်း အသိ၊ သတိရှိဖို့ လိုပါတယ်။ ပတ်ပန်းကျင်ကို အမြဲသတိထားလေ့လာနေဖို့ထည်း လိုအပ်ပါတယ်။

မြန်မာနဲ့ထိုင်းဟာ သမိုင်းကြောင်းအရှည်ကြီးရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံဟာ လက်ရှိမြန်မာနိုင်ငံထက် ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်ခေတ်မီနေသလို သူတို့ပြည်သူတွေရဲ့ ကောင်းမွန်တဲ့စိတ်ဓာတ်လေးတွေကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒါကတော့ ဗန်ကောက်မြို့ရဲ့ အဓိက ဆက်သွယ်ရေးဖြစ်တဲ့ သူထိုအခေါ် Sky Train ဆိုတဲ့ မိုးပျံရထားတွေမှာ ကိုယ်သွားလိုတဲ့နေရာကိုနှိပ်ပြီး အကြွေစေ့ထည့်လိုက်ရင် ကတ်လိုမျိုးလက်မှတ်လေးထွက်လာပါတယ်။ ဒီကတ်ကလေးကို ဘူတာရုံအဝင်ဝမှာ စက်ကလေးထဲထည့်ပြီး ပြလိုက်တာနဲ့ တံခါးရွက်ကလေးပွင့်ပြီး လိုရာသွားလို့ရတာပါပဲ။ ဘူတာရုံတိုင်း၊ နေရာတိုင်းမှာ လက်မှတ်စစ်နဲ့ တံခါးစောင့်ဆိုတာ မရှိပါဘူး။ အားလုံးဟာ နည်းပညာအကူအညီနဲ့ပဲ အစီအစဉ်တကျ လုပ်ဆောင်သွားပါတယ်။ အတုယူစရာကောင်းတာက ရထားစီးခရီးသည်တွေဟာ ရထားစောင့်နေရာက ရထားရောက်လာတာနဲ့ မြားပြထားတဲ့လမ်းကြောင်းလေးတွေအတိုင်း အလိုလိုတန်းစီကြပါတယ်။ ပြီးရင် ရထားပေါ်က ဆင်းလာတဲ့သူကုန်မှ တစ်ယောက်ချင်းတက်ကြပါတယ်။ နေရာရှိရင် ထိုင်စီးပြီး တချို့က မတ်တတ်ရပ်စီးကြပါတယ်။ ကျွန်မသတိပြုမိတာကတော့ မြို့နေလူထု အသုံးများတဲ့ ရထားစီးကြရာမှာ ရုန်းရင်းဆန်ခတ်မရှိဘဲ စနစ်တကျနဲ့ စိတ်ချမ်းသာစွာ စီးနင်းနိုင်တာ အံ့သြစရာပါပဲ။

ဒီနေရာမှာ စည်းကမ်းနဲ့တန်ဖိုးဟာ ဘယ်လောက်အကျိုးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ပြဿနာတော်တော်များများဟာ စည်းတမ်းရှိမှုကြောင့် အလိုလိုဖြေရှင်းပြီးသားဖြစ်သွားပါတယ်။ နောက်တစ်ခုက လူကူးမျဉ်းကျားတွေဖြစ်ပါတယ်။ အထပ်ပြင့်သုံးလေးထပ်နဲ့ လိမ်ကောက်နေအောင် ဖောက်ထားတဲ့ လမ်းတွေရဲ့ အောက်ဆုံးက မြေညီလမ်းတွေမှာ လူကူးမျဉ်းကျားတွေ ရှိပါတယ်။ လမ်းသွားတွေ အားလုံး လူကူးမျဉ်းကြားကပဲ ကူးကြပြီး လူကူးမျဉ်းကျားကကူးမှသာ လိုရာကိုရောက်အောင် စီစဉ်ထားပါတယ်။ ဒီလိုမှမဟုတ်ရင် လမ်းကူးတံတားပေါ်က ကူးနိုင်ပါတယ်။ လူသုံးများတဲ့ တံတားတိုင်းမှာ စက်လှေကားတွေတပ်ထားပါတယ်။ အရှိန်နဲ့ မောင်းလာတဲ့ကားတိုင်းဟာ လူကူးမျဉ်းကျားတွေ့တာနဲ့ ရပ်ကြပါတယ်။ ဒါကလည်း အားလုံးလိုက်လျောညီထွေမှုရှိတဲ့ စည်းကမ်းတစ်ရပ်ပါပဲ။ တစ်နည်းပြောရရင် စည်းကမ်းဆိုတာ ထိန်းညှိစက်ပဲ မဟုတ်ပါလားရှင်။

ကျွန်မတို့ မြန်မာနိုင်ငံသားတွေ ဒီအလေ့အကျင့်ကောင်းတွေကို အမြန်ဆုံးပြောင်းလဲမွေးမြူဖို့ လိုအပ်နေပါတယ်။ ခေတ်မီတိုးတက်ဖို့ ကြိုးစားနေတဲ့ အချိန်မှာ အလေ့အကျင့်ကောင်းတွေ မွေးမြူပြီး ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်ကို ပြောင်းလဲကြရမှာ ဖြစ်ပါတယ်။ ဒါဟာ မိမိတို့ကိုယ်တိုင်လိုက်နာလေ့ကျင့်ရမယ့် အရာတွေဖြစ်ပါတယ်။ ဘယ်သူကမှ ပြင်ပေးလို့မရပါဘူး။ အချိန်ဟာလူတိုင်းအတွက် အရေးကြီးသလို စည်းတမ်းဟာလည်း လူတိုင်းအတွက် အရေးကြီးပါတယ်။ လမ်းပေါ်အမှိုက်ပစ်တာ၊လမ်းသွားရင်း ကွမ်းတံတွေးထွေးတာ၊ ကားတံခါးဖွင့်ပြီး တွမ်းတံတွေးထွေး၊ အမှိုက်ပစ်တာကစပြီး ကျွန်မတို့ ပြုပြင်ရမှာပါ။ ဒါကြောင့် ထိုင်းနိုင်ငံခရီးစဉ်အတွင်းမှာ အသိတစ်ခုရလိုက်တာတတော့ ငယ်ငယ်ကကြားဖူးခဲ့တဲ့ "စည်းကမ်းရှိမှ တိုးတက်မည်"ဆိုတာ သီချင်းတစ်ပုဒ်ရဲ့ စာသားတစ်ခု မဟုတ်ဘဲ သမိုင်းတစ်ခုကို ပြောင်းလဲနိုင်တဲ့ ထိန်းညှိစက်တစ်ခုပါလားလို့ ကျွန်မကောင်းကောင်းနားလည်ခဲ့ပါပြီ။ ॥

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၉-၂၀၁၃ (အင်္ဂါနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ မဖွံ့ဖြိုးဒေသရှိနေရာထူးများ
- ၇း၂၀ ပြည်သူတို့ရဲ့စကားသံများ
- ၉း၂၅ "ရထနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ"
- ၁၀း၁၅ တစ်မျက်နှာ၊ တစ်ကွက်စာ "ဖြေဆေးမရှိ" (ထွန်းထွန်းကို၊ ဂျူးဂျူးကေ) [ဒါရိုက်တာ -မေတင်(MMG)]
- ၁၀း၄၀ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
- ၁၁း၅၀ မြန်မာ့ခေလေ့ရိုးရာလက်ဝှေ့
- ၂း၀၀ အဆိုပြိုင်ပွဲ
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၈း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ "ဆိုလိုက်ကြစို့"

အင်တာနက်ဂျာနယ်
INTERNET journal
တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
Facebook Page Insights အကြောင်း သိထားသင့်သမျှ
"Facebook Insights ဟာ ကိုယ့်ရဲ့ Page ပရိသတ်တွေကြိုက်နှစ်သက်တဲ့ content တွေ၊ မနှစ်သက်တဲ့ content တွေအပြင် Page ကို နေ့စဉ် Like လုပ်နေတဲ့အရေအတွက်၊ Like ရရှိတဲ့နေရာ၊ Page ပရိသတ်တွေ အသုံးပြုတဲ့ နေ့ရက်၊ အချိန်စတာတွေကို သိရှိနိုင်တဲ့ Feature ဖြစ်ပါတယ်"
- Telenor က ဖုန်းခေါ်ဆိုမှုအား တစ်မိနစ်လျှင် ၂၅ ကျပ်သာ သတ်မှတ်မည်
- iPhone ထုတ်ကုန်သစ်နှစ်မျိုးကို Apple ပွဲထုတ်မိတ်ဆက်
- အထူးအက်တမ်နစ်ခုအရွယ်ရှိ ဖန်သားမျက်နှာပြင်သစ် ကမ္ဘာ့အပါးလွှာဆုံး ဂရင်းနစ်စံချိန်တင်

အစရှိတဲ့ သတင်း၊ ဆောင်းပါးများနှင့် .....
Editor - 09 730 32928 | Marketing - 09 492 14245

ဆရာအာသာ SUCCESS LANGUAGE ACADEMY
Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်
256954, 202046, 392048, 0949249463
တက္ကသိုလ်ဝင်တန်းအောင်၊ နိုင်ငံခြားသွားလိုသူနှင့် အလုပ်ကောင်းရလိုသူများအတွက်

Course	Time	Days	Start
Basic English Speaking	1 - 2:30	Mon~Thurs	16/9,14/10
	10-11:30	Mon~Thurs	17/9,1/10
	3:30 - 5	Mon~Thurs	23 Sep
	2 - 5:00	Sat+Sun	5 Oct
Four Skills English (Basic)	10-11:30	Mon~Thurs	16,23 Sep
	3:30 - 5	Mon~Thurs	17 Sep
	1 - 2:30	Mon~Thurs	23 Sep
	7:30 - 9	Mon~Thurs	30 Sep
	6 - 7:30	Mon~Thurs	30 Sep
Pre-Intermediate (4-Skill English)	2 - 5:00	Sat+Sun	21/9,5/10
	3:30 - 5	Mon~Thurs	30 Sep
	1 - 2:30	Mon~Thurs	7 Oct
	10-11:30	Mon~Thurs	14 Oct
Intermediate (Academic English)	3:30 - 5	Mon~Thurs	30 Sep
	9:30-12:30	Sat+Sun	5 Oct
	2 - 5:00	Sat+Sun	12 Oct
Vocab Enrichment	10-11:30	Mon~Thurs	23 Sep
	1 - 2:30	Mon~Thurs	1 Oct
Basic Grammar	3:30 - 5	Mon~Thurs	16 Sep
	1 - 3:00	Sat+Sun	21 Sep
	10-12:00	Sat+Sun	5 Oct
Basic Writing	3:30 - 5	Mon~Thurs	16 Sep
	2 - 4:00	Sat+Sun	28 Sep
IELTS Four Skills	2 - 5:30	Sat+Sun	5 Oct
IELTS Exam Practice	7:30-10:30	Sat+Sun	14 Sep
IELTS Speaking	1 - 2:30	Mon~Thurs	21 Oct
IELTS Reading	7:30-9:30	Mon~Thurs	30 Sep
IELTS Writing	10-11:30	Mon~Thurs	16 Sep

Ph: 256954,202046,392048
SUCCESS MARITIME ACADEMY
DMA အသိအမှတ်ပြု
O.O.W နှင့် Chief Mate
အောက်တိုဘာတန်းခွဲများ နှင့်
ECDIS နှင့် RADAR/ARPA
(23.9.2013)တန်းခွဲများ လက်ခံပါပြီ။
Sep + Oct အတွင်း 20% Discount
ကပ္ပတိန်စမ်းမိုးအောင် (ကျောင်းအုပ်ကြီး) (Master Mariner, Fleetwood,U.K.) နှင့် သင်ကြားမှုဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များ စုစည်းသင်ကြားမည်။
လူသစ်များအတွက်
သဘော်မတက်မီတတ်သွားသင့်သည့်
သင်္ဘောဆိုင်ရာသိစရာ
Marlins English
4:30-7:30 (Sat+Sun) Nov 16

ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေဖို့

ကြည်ထွန်း (လူမှုဝန်ထမ်း)

လူမှုဝန်ထမ်းလုပ်ငန်းဆိုတာဟာ လူတိုင်းသိရှိနားလည်အပ်၊ ပြုကျင့်အပ်တဲ့လုပ်ငန်းမျိုးပါ။ နေ့စဉ်နေ့တိုင်း ပြုကျင့်ရမယ့် သင်္ဂဟတရားတွေက အမျိုးအမည်မဖော်နိုင်လောက်အောင်ဘဲ များပြားပါတယ်။ ဒီလုပ်ငန်းတွေကို မြန်မာတို့က သာမန္နာမက်စွလို့ခြုံငုံခေါ်ဆိုကြပါတယ်။ ဒီသာမန္နာမတွေထဲမှာ ထောက်ပံ့ကူညီမှုတွေ၊ တစ်စုံတစ်ယောက်ရဲ့အပြုအမူကြောင့် အခြားတစ်ယောက် စိတ်ထိခိုက်မှုမဖြစ်အောင် စောင့်စည်းမှုတွေပါပါတယ်။ ရေငတ်သူကို ရေကြည်တစ်ပေါက်ပေးကမ်းမှုကစပြီး ကူညီထောက်ပံ့မှုအားလုံး၊ လူအများစိတ်ချမ်းသာအောင် စောင့်ရှောက်မှုကွေအားလုံးဟာ မော်ကွန်းမကင်ပြောင်းပေမယ့် လူသာခုခေါ်၊ နတ်သာခုခေါ်ရတဲ့ လူမှုဝန်ထမ်းစာရင်းဝင်လုပ်ငန်းကွေပါ။

မြန်မာနိုင်ငံမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမကျင့်ဝတ်များကို ဆောက်တည်ကျင့်သုံးရာက မြန်မာ့လူ့ဘောင်မှာ လောကီယဉ်ကျေးမှုနဲ့ လောကုတ္တရာယဉ်ကျေးမှုဆိုပြီး စတင်ပေါ်ပေါက်လာပါတယ်။ မြန်မာတို့ရဲ့ ရိုးရာစိတ်ကောင်း၊ စေတနာကောင်းတို့ဟာလည်း ပြိုးနည့်သိမ်မွေ့လေးနက်တက်မြက်လာပါတယ်။ ရှေးတုန်းက မြန်မာတွေဟာ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်တာကို လူမှုဝန်ထမ်းလုပ်ငန်းတွေ ဆောင်ရွက်တာလို့မသိကြဘဲ လောကုတ္တရာအကျိုးကို များစွာအထောက်အပံ့ဖြစ်တဲ့ လုပ်ငန်းလို့ လေးလေးနက်နက် ယုံကြည်ကြပါတယ်။ ဒီလို အလိုအလျောက်ပေါ်ပေါက်လာတဲ့ လူမှုဝန်ထမ်းစိတ်ဓာတ်ရှိသူတွေကြောင့်လည်း ရှေးယခင်တုန်းက လူမှုရေးပြဿနာများဟာ အထူးတလည် ဖြေရှင်းပေးဖို့ မလိုအပ်ခဲ့တာအမှန်ပါ။

ကလေးသူငယ်တွေ လူလားမြောက်ဖို့အတွက် လိုအပ်တဲ့ အရည်အချင်း၊ အလေ့အကျင့်နဲ့ ပုံပြင်ဆုံးမတွေကို မြန်မာဘုန်းတော်ကြီးကျောင်းတွေက ပေးပါတယ်။ အသက်အရွယ်ကြီးရင့်လို့ အိုမင်းမစွမ်းရှိကြသူတွေကလည်း ဘုန်းတော်ကြီးကျောင်းများရဲ့ အရိပ်အာဝါသကိုခိုလှုံပြီး သူတို့ရဲ့ သက်သာချောင်ချိမှုကို ရယူပါတယ်။ ရွာသူရွာသားများကလည်း အဘိုးအို အဘွားအိုတွေအတွက် တဲအိမ်တွေဆောက်ပြီး စေတနာအလျောက်ကျွေးမွေးပြုစုကြပါတယ်။ စိတ်ကျန်းမာရေးမကောင်းသူ၊ မသန်စွမ်းသူတွေဟာလည်း အလားတူ အရိပ်အာဝါသနဲ့ အစားအစာတွေ ရရှိကြပါတယ်။ ဒါကြောင့်လည်း ရှေးတုန်းက မြန်မာဘုန်းတော်ကြီးကျောင်းတွေဟာ မြန်မာနိုင်ငံအတွက် အင်မတန်အရေးပါကဲ့ ရပ်ရွာရပ်သာ (Community Centres) တွေဖြစ်ခဲ့ပါတယ်။

ရှေးဘုရင်များလက်ထက် ကုန်းဘောင်ခေတ်နောက်ပိုင်းအုပ်ချုပ်တဲ့ ဘုရင်ဧကရာဇ်တွေကိုယ်တိုင် လူအိုလူမင်းများ စောင့်ရှောက်ရေး၊ ဒုက္ခိတများကူညီရေး၊ ပင်ပန်းဆင်းရဲသူတို့ကို ထောက်ပံ့ရေးစတဲ့ လုပ်ငန်းတွေကို နိုင်ငံ့ဘဏ္ဍာငွေက စိုက်ထုတ်ပြီး ဆောင်ရွက်ပါတယ်။ ကိုလိုနီခေတ်မှာတော့ အရင်းရှင်စီးပွားရေးစနစ်ကို ပြောင်းလဲလာတာနဲ့အမျှ အဲဒီစနစ်က ဖန်တီးပေးတဲ့ လူမှုရေးပြဿနာတွေ ထွပြောခဲ့ပါတယ်။ ဒီပြဿနာတွေကို ဒုတိယကမ္ဘာစစ်မဖြစ်မီ နိုင်ငံခြားကရောက်လာတဲ့ ခရစ်ယာန်သာသနာပြုအဖွဲ့တွေ၊ ဥစ္စာခနေပြည့်စုံတဲ့ တိုင်းရင်းသားစေတနာရှင်တွေက စွမ်းဆောင်နိုင်သမျှ အသင်းအဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာ့စိတ်ရင်းကူညီခြင်းဆိုတဲ့အကိုင်း ကိုယ်ရပ်၊ ကိုယ့်ရွာဒေသဆိုင်ရာ လူမှုရေးပြဿနာတွေကို ကူညီနိုင်သူတွေက အကူအညီလိုသူတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကူညီဖြေရှင်းပေးကြတာဟာ မြန်မာတို့ရဲ့နှစ်လိုဖွယ်ဓလေ့စရိုက်တစ်ခုပါ။

လွတ်လပ်ပြီးခေတ်နောက်ပိုင်းမှာ တိုးတက်များပြားလာတဲ့ လူမှုရေးပြဿနာတွေကို ဖြေရှင်းဆောင်ရွက်ပေးနေတဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်မှုတွေ ပိုမိုတွင်ကျယ်လာအောင် နိုင်ငံတော်အစိုးရအဆက်ဆက် ကူညီစီမံထောက်ပံ့မှုတွေ ပြုခဲ့ကြပါတယ်။ ဖဆပလအစိုးရခေတ်(၁၉၄၈-၁၉၅၈) မှာ လူမှုဝန်ထမ်းလုပ်ငန်းတွေကို အစိုးရဌာနတစ်ခုအဖြစ် သီးသီးသန့်သန့် ဆောင်ရွက်နိုင်အောင် ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်ကစပြီး လူမှုကြီးပွားရေးဌာနအမည်က လူမှုဝန်ထမ်းဌာနလို့ ပြောင်းလဲခေါ်တွင်စေခဲ့ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လျှောက်လှမ်းမှ သက်တမ်းဟာ ယခုနှစ် နိုဝင်ဘာလမှာ အနှစ် (၆၀) ပြည့်ပါတော့မယ်။

လူမှုဝန်ထမ်းဌာနက ၁၉၅၃-၅၄ ခုနှစ်ကစပြီး မိဘမဲ့ကလေးများ စောင့်ရှောက်ရေးဂေဟာ ၁၀ ခု၊ လေလွင့်နေသော ကလေးများစောင့်ရှောက်ရေးဂေဟာ နှစ်ခု၊ လူငယ်များဂေဟာ တစ်ခု၊ ဒုစရိုက်ပပျောက်ရေးနှင့် အမျိုးသမီးဂေဟာ ခြောက်ခု၊ လူအိုရခြောက်ခုနဲ့ မျက်မမြင်/နားမကြားဂေဟာ လေးခုတို့ကို စားစရိတ်/ဝတ်စရိတ်၊ အုပ်ချုပ်ရေးနှင့်ပစ္စည်းကိရိယာ၊ ပြန်လည်ထူထောင်ရေးဆိုတဲ့ ခေါင်းစဉ်သုံးမျိုးနဲ့ ထောက်ပံ့မှုတွေပြုခဲ့ပါတယ်။ ဒီလိုနဲ့ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့တွေ တိုးပွားလာပြီး တော်လှန်ရေးတောင်စီခေတ်(၁၉၆၂-၁၉၇၄) မှာ မိဘမဲ့ဂေဟာ ၁၀၅ ခု၊ လူငယ်ဂေဟာ နှစ်ခု၊ မျက်မမြင်ဂေဟာ တစ်ခု၊ လူအိုရခုနစ်ခုနဲ့ အမျိုးသမီးဂေဟာ ငါးခုကို အသိအမှတ်ပြု ထောက်ပံ့ပေးခဲ့ပါတယ်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်(၁၉၇၄-၁၉၈၈)မှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၄၃၇ ခုအတွက် ထောက်ပံ့ငွေကျပ် ၂၈၇ ဒသမ ၈၀ သိန်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကာလ (၁၉၈၈-၁၉၉၇) မှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၈၅၃ ခုအတွက် ထောက်ပံ့ငွေ ၁၂၁၀ ဒသမ ၆၈ သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ(၁၉၉၇ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း) စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၈၀၉ ခုအတွက် ထောက်ပံ့ငွေ ၃၂၈၀ ဒသမ ၈၉ သိန်း ထောက်ပံ့ပေးခဲ့ပါတယ်။

မျက်မှောက်ခေတ် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာတော့ နိုင်ငံတော်တစ်နံတစ်လျားမှာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၂၁၇ ခု၊ မသန်စွမ်းဂေဟာ ကိုးခု၊ အနာကြီးရောဂါသည်ဟောင်းဂေဟာ တစ်ခု၊ ဘိုးဘွားရိပ်သာ ၆၁ ခု၊ အမျိုးသမီးဂေဟာ ၁၀ ခု၊ ကိုယ်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၇၃၅ ကျောင်း၊ စေတနာမူလတန်း ညကျောင်း ၈၂ ကျောင်း၊ လူငယ်ရိပ်သာ ၆၉ ခု စုစုပေါင်း ၁၁၈၄ ခု အထိ ရှိလာပါပြီ။ လွန်ခဲ့တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်က ဒီစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေကို နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၄၇ ဒသမ ၈ သန်း ထောက်ပံ့ပေးခဲ့ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ ပြောင်းလဲလာတဲ့ ခေတ်သစ်၊ စနစ်သစ်နဲ့ လိုက်လျောညီထွေ ဖြစ်အောင် ယမန်နှစ်ကထက် ၃ ဒသမ ၁၃ ဆ တိုးပြီး ကျပ်သန်းပေါင်း ၁၇၁၆ ဒသမ ၀၄ သန်း ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ ရေမြင့်ကြာမြင့်ဆိုသလို အခုလိုတိုးမြှင့်ထောက်ပံ့မှုဟာ ပရဟိတဂေဟာတွေရဲ့ဆင်းရဲမွဲမ်းပါးမှုကို အထိက်အလျောက် လျော့ပါးသွားစေမှာဖြစ်သလို နိုင်ငံတော်အစိုးရနဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကိုလည်း ပိုမိုမြင့်မားစေမှာအမှန်ပါပဲ။

> **မြန်မာ့စိတ်ရင်း ကူညီခြင်းဆိုတဲ့အတိုင်း ကိုယ့်ရပ်၊ ကိုယ့်ရွာဒေသဆိုင်ရာ လူမှုရေး ပြဿနာတွေကို ကူညီနိုင်သူတွေက အကူအညီ လိုသူတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကူညီ ဖြေရှင်းပေးကြတာဟာ မြန်မာတို့ရဲ့ နှစ်လိုဖွယ် ဓလေ့စရိုက်တစ်ခုပါ။**

နိုင်ငံတော်က တိုးမြှင့်ထောက်ပံ့မှုကြောင့် ဂေဟာနေသူတစ်ဦးရဲ့ တစ်နှစ်တာ ယခင်ဆန်ဖိုးငွေကျပ် ၄၉၃၀ မှ ၃၀၀၀၀၊ စားစရိတ် ကျပ် ၁၈၂၅၀ မှ ကျပ် ၃၀၀၀၀၊ ဝတ်စရိတ် ကျပ် ၅၀၀၀ မှ ကျပ် ၁၃၀၀၀၊ တစ်နှစ်တာဂေဟာမှူးလစာ ကျပ် ၁၈၀၀၀၀ မှ ကျပ် ၃၆၀၀၀၀ အထိ တိုးမြှင့်ရရှိကြပြီဖြစ်ပါတယ်။ ထို့အတူပဲ ကိုယ်အားကိုယ်ကိုး မူကြိုတာဝန်ခံရဲ့ လစာကို ယခင် ကျပ် ၅၀၀၀ မှ ကျပ် ၃၀၀၀၀၊ စာသင်ဆရာမရဲ့လစာကို ယခင် ကျပ် ၄၀၀၀ မှ ကျပ် ၂၀၀၀၀ တိုးပြီး ရရှိခံစားရမှာဖြစ်ပါတယ်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေအတွက် ဆန်ဖိုးငွေ၊ စားစရိတ်၊ဝတ်စရိတ်၊ ဂေဟာမှူးလစာ၊ မူကြိုဆရာမ လစာတွေကို တိုးမြှင့်ထောက်ပံ့မှုပြုတာဟာ “နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်” ဆိုတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လက်တွေ့ဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကိုယ်တိုင် ၂၀၁၃ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဧရာဝတီ၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းက ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေရှိရာကို အရောက်သွားပြီး ကာယကံရှင်တွေရဲ့ လက်ဝယ်အရောက် ထောက်ပံ့ငွေပေးအပ်ပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးရဲ့ ခရီးစဉ်တိုင်းမှာ ဒေသခံစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေက ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ဒေါ်ဦးဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက “ယခုလို ဝန်ကြီးကိုယ်တိုင်လာရောက်ပြီး ကိုယ်ထိလက်ရောက် ထောက်ပံ့ပေးတာကို ပထမဦးဆုံးအကြိမ် မြင်ရတာပါ။ ကိုယ်တိုင်လာရောက်ချီးမြှင့်ပေးတဲ့အတွက် မဖော်ပြနိုင်လောက်အောင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်တို့တွေရဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ ပိုမိုတိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ပိုမိုတွေ့မြင်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီဆောင်ရွက်မှုဟာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ မျက်မမြင်ကျောင်းနဲ့ ဘိုးဘွားရိပ်သာများ၊ ကိုယ်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ကြီးမားတဲ့ အင်အားတစ်ခုဖြစ်စေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်အဖွဲ့အစည်းရဲ့ အကျိုးကို ဆတက်ထမ်းပိုးတိုးပြီး အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါမယ်” ဟု မုဒိတာစကား ဆိုပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းနဲ့အညီ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေကို အသိအမှတ်ပြုပေးနေသလို ယခုလို ထောက်ပံ့ကြေးတွေ ချီးမြှင့်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်တာဟာ ဝမ်းမြောက်ကြည်နူးစရာပါ။ ဘိုးဘွားရိပ်သာ ကြီးကြပ်သူတွေဟာ သက်ကြီးရွယ်အိုတွေရဲ့ နေညိုချိန်ဆည်းဆာဘဝ လုပစိပြည်ရေးကို စေတနာ၊ သဒ္ဓါတရားထက်သန်စွာနဲ့ ကူညီစောင့်ရှောက်ကြသူတွေ ဖြစ်ပါတယ်။ လူငယ်ဂေဟာ ကြီးကြပ်သူများဟာလည်း အစောင့်ရှောက်ခံကလေးသူငယ်တွေရဲ့ အနာဂတ်ဘဝကို လင်းလက်တောက်ပလာအောင်ပြုစုပျိုးထောင်ကြတဲ့ ဘဝအလှ ဖန်တီးရှင်များဖြစ်ပါတယ်။ မူကြိုကျောင်း ဆရာမများကတော့ ဥမမည်စာမမြောက်သေးသူတွေရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ သုတ၊ ရသ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုဆောင်ရွက်ပေးနေကြသူတွေပါ။ မျက်မမြင်၊ နားမကြားစတဲ့ မသန်စွမ်းဂေဟာကြီးကြပ်သူများဟာ မသန်စွမ်းသူတွေရဲ့ စစ်မှန်တဲ့အခွင့်အရေးကို ရရှိခံစားနိုင်အောင် ဖြည့်စွမ်းပေးနေသလို အသက်မွေးမှုပညာတစ်ခု ကိုယ်စီပါအောင် စိတ်ရှည်လက်ရှည် လေ့ကျင့်သင်ကြားပေးနေကြသူတွေ ဖြစ်ပါတယ်။

ဒီလို လုပ်ငန်းတွေကို ကိုယ်စီကိုယ်င ဆောင်ရွက်နေကြတဲ့ လူမှုဝန်ထမ်းသမားတွေအားလုံးဟာ မည်သူမည်ဝါက စေစား၍ ဆောင်ရွက်ခြင်းမျိုး၊ လာဘ်လာဘကိုမြင်၍ ဆောင်ရွက်ခြင်းမျိုး၊ ကြောက်ရွံ့ရလို့ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နှလုံးသားရဲ့ စေ့ဆော်မှုကြောင့် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာဆိုတဲ့ “နာ” ငါးနာကို အရင်းခံပြီး ဆောင်ရွက်နေကြသူတွေဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ယွင်းမပျက်ခဲ့တဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေဟာ နိုင်ငံတော်အစိုးရရဲ့အားပေးကူညီမှု၊ စေတနာ့ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေရဲ့ ကိုထွင်ဖန်တီးကြိုးပမ်းမှုတွေကြောင့် မြန်မာ့မြေပေါ်မှာ ယနေ့ထက်ထိ ရှင်သန်နေတာ ဖြစ်ပါတယ်။

မျက်မှောက်ခေတ်မှာ လူမှုဝန်ထမ်းလုပ်ငန်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လူမှုဝန်ထမ်းဆိုင်ရာ မူဝါဒတွေနဲ့အညီ စနစ်တကျ စီမံဆောင်ရွက်နေပါတယ်။ လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ညီလာခံမှာ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မိန့်ကြားခဲ့သလို နိုင်ငံတော်တစ်ဝန်းက ဆင်းရဲနွမ်းပါးသူများနဲ့ ထိခိုက်ခံစားလွယ်သူတွေကို လူမှုရေးကာကွယ်စောင့်ရှောက်မှု အရိပ်အာဝါသအောက်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းကြရပါဦးမည်။ ပရဟိတစေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဟာ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ လုပ်ငန်းကြီးတစ်ရပ်ဖြစ်တဲ့အတွက် မြန်မာတစ်မျိုးသားလုံးက မွေးရာပါ လူမှုရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပါဝင်အားပေးကူညီဖြည့်ကျင့်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

မြည်တွင်း/ မြည်ပကုမ္ပဏီကြီးများနှင့် လုပ်ငန်းရှင်ကြီးများ ပါဝင်ပြသမည်

ပြည်မြို့ (အထူးကုန်စည်ပြပွဲကြီး) ပဲခူးမြို့

နေ့ရက် ။ ။ (၃၀-၉-၂၀၁၃)မှ (၄-၁၀-၂၀၁၃)ထိ၊
အချိန် ။ ။ နံနက်(၉း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ၊
နေရာ ။ ။ အ.ထ.က(၁)အားကစားကွင်း

နေ့ရက် ။ ။ (၁၇-၁၀-၂၀၁၃)မှ (၂၁-၁၀-၂၀၁၃)ထိ၊
အချိန် ။ ။ နံနက်(၉း၀၀)နာရီမှ ည(၁၀း၀၀)နာရီအထိ၊
နေရာ ။ ။ ရွှေမောဓော်ဘုရားကွင်း

ဆက်သွယ်ရန် - မြင့်ဆောင်တာထွန်းကုမ္ပဏီလီမိတက်၊ ဖုန်း - ၀၉-၄၂၀၇၈၀၂၈၈၊ ၀၉-၂၅၁၁၅၄၉၊ ၀၉-၅၀၅၂၃၂၁၊ ၀၉-၄၉၂၉၀၂၆၀

ပြည်တွင်းရေးရာ

လက်ကိုင်မီးထွန်းညှိတိုင်သယ်ယူ၊ ထွန်းညှိမှုစံချိန်မှတ်ယူလေ့ကျင့်

ရန်ကုန် စက်တင်ဘာ ၁၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဆောင်ရွက်မည့် လက်ကိုင်မီးထွန်းညှိတိုင် ထွန်းညှိခြင်းနှင့် လက်ဆင့်ကမ်းသယ်ယူခြင်းစံချိန်မှတ်ယူလေ့ကျင့်ခြင်းအတွက် ပထမအကြိမ် ပုံစံမှတ်ယူလေ့ကျင့်ပွဲကို ယမန်နေ့နံနက် ၆ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ စတင်ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ ကျောင်းသားများ၊ မြန်မာလက်ရွေးစင်အားကစားသမားဟောင်းများ၊ မီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ဆောင်မည့် မြန်မာ့အားကစား ရွှေထီးဆိပ်ရ အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အထိမ်းအမှတ် လက်ကိုင်မီးထွန်းညှိတိုင် ထွန်းညှိခြင်းနှင့် သယ်ဆောင်ခြင်းများကို စတင်ဆောင်ရွက်ကြကာ စံချိန်ယူသတ်မှတ်ခြင်း မီးထွန်းညှိတိုင်သယ်ယူမည့် လမ်းကြောင်းတစ်လျှောက် စံချိန်ယူလေ့ကျင့်ခြင်းများကို ချိန်ကိုက်လေ့ကျင့်ပြီး အချိန်သတ်မှတ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (အလုံ)၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်တင်ဆက်မည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု မျိုးဆက်သစ်တို့အားမာန် အေရိုးဗစ်အကအဖွဲ့မှ နည်းပြဆရာ ဆရာမများ၊ ပါဝင်တင်ဆက်မည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမ၌ ကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်တင်ဆက်ဖြေဖျော်မည့် တေးသံရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားပြီး ပါဝင်ကူညီသော လုပ်ငန်းရှင်များ၊ အနုပညာနယ်ပယ် အသီးသီးမှ တေးသံရှင်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင် တေးသီချင်းများနှင့် သီဆိုဖြေဖျော်ပေးမည့် ကေးသံရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။ **(ထတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားအနီး ရှင်းလင်းဆောင်၌ ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်-ဟင်္သာကထမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)နှင့် လေယာဉ်ကွင်း အထူးအဖွဲ့(၂)တို့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီးများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တွေ့ဆုံပြီး အဆိုပါလမ်း မိုင်တိုင်(၉/၀)နှင့် (၉/၁)အကြား၊ (၁၃/၄)နှင့် (၁၃/၅) အကြားနှင့် မိုင်တိုင်(၂၈/၁)နှင့် (၂၈/၂)အကြားတို့၌ ကျောက်ခင်းနေမှု၊ မိုင်တိုင် (၃၃/၀)နှင့် (၃၃/၁) အကြား လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဟင်္သာတခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဟင်္သာတ-ဆိုကုန်း-မြန်အောင်ထမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ အဆိုပါလမ်းတစ်လျှောက် မိုင်တိုင် (၉/၀)နှင့် (၉/၂)အကြား ကျောက်ခင်းခြင်းလုပ်ငန်းများ၊ နန်ကသူ တံတားကြံ့ခိုင်မှု၊ ဝေန်တံတား(မြို့ကွင်း) ချဉ်းကပ်ထမ်းနှင့် တံတားကြံ့ခိုင်မှု တို့ကိုစစ်ဆေးပြီး ဟင်္သာကခရိုင် အင်ဂျင်နီယာမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၉-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"ကိုယ့်ကိုယ်ကိုယ်သာကိုယ်ကြည့်ပါ" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ)
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၇၅)
၇း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၁၃)
၈း၃၀	MRTV-4 ရုပ်သံဇာတလမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၅၆)
၉း၀၀	MRTV-4 ရုပ်သံဇာတလမ်းတွဲ " ဒိဇိုင်နာမမ" (အပိုင်း-၂၈)

အရက်မူးပြီးဆဲသဖြင့် ရဲကဗမ်းဆီးအရေးယူ

ပဲခူး စက်တင်ဘာ ၁၆

စတ်တင်ဘာ ၁၅ ရက် ည ၇ နာရီခန့်တွင် ပဲခူးမြို့ ညောင်ဝိုင်းမြောက်ဝိုင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးစိုးနိုင်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် လာရောက်၍ အရက်မူးနေသော မြင့်သန်း(ခ)အငယ်ကောင် (၃၀)နှစ်ဆိုသူက မခေျမင်အော်ဟစ်ပြောဆို ဆဲရေးတိုင်းထွာမှုအပေါ် ပဲခူးမြို့မရဲစခန်းမှ တာပန်မှူးဒုရဲအုပ် ညီညီ ဦးစီးအဖွဲ့တို့ လာရောက်ထိန်းသိမ်းခေါ်ယူပြီး ရဲအက်ဥပဒေပုဒ်မ (၄၇)အရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။ **(မင်းစစ်သူ)**

"ဝဏ္ဏသိဒ္ဓိ" ရွှေအတိဖြစ်စေ နေပြည်မြေမှာ

ပြည်ထောင်စုသား ဝိုင်းစုအားပြင့်
တတိယအကြိမ် ကမ္ဘာ့ရှိန်အောင်
(၂၇)ကြိမ်မြောက် "တို့"ညွှဲထောက်ခံ
ကျင်းပရန်မှာ လပိုင်းရက်သာကျန်တော့သည်။

ဒေသတွင်းခြား နိုင်ငံသားတို့
ရောက်ပြားလေသော် ရွှင်မျှော်မျော်ဖြင့်
ဆီးဂိမ်းပြိုင်ပွဲ နေထိုင်နွဲ့ရန်
အဆင့်မှန်သည့် အားကစားရွာလည်းဆောက်ခဲ့ပြီ။

ပြိုင်ပွဲဝင်ကွင်း ဒေသတွင်းမှာ
ကြည့်လိုက်ပါလျှင် တန်းဝင်ညီမျှ
ဟိန်းဟိန်းထလျက် နောက်ကျမကျန်
တို့အားမာန်ကို အမှန်သိစေအပ်ခဲ့ပြီ။

အယူ့စကား မတူခြားလည်း
သွားလာဆက်ဆံ ဆင်ပြေရန်တွက်
စကားပြန်သူ တက်လူတွေလည်း
လေ့ကျင့်ဆဲမှာ ရဲရဲရင့်ရင့်ရှိကြပြီ။

အိမ်ရှင်ဝိသ အံ့ခွင်ကျဖို့
ဓါတို့ရည်သန် ကျွေးမွေးမှန်ကာ
နေစားဝတ်သွား မြင့်မားအဆင့်
လေ့ကျင့်ပြင်းထန် အားခဲမာန်ချီ
"ရွှေ"စခန်းလည်းခရီးရောက်ပြီ။

ထိုမှတဝ သန့်ရှင်းမှုသည့်
ဤကားမြန်မာ သိစေရာမှာ
ဝိတ်ကြိုကျွေးမွေး လုံခြုံရေး"မှ"
စွင့်ပိတ်ခင်းကျင်း ဆက်သွယ်ပြင်းလွယ်
ခပင်းသယ်ယူ ကျန်းမာဟူလို
စိမ်းစိုသစ်ပင် ပတ်ဝန်းကျင်"ထိ"
"ထို" "ဤ"ကိစ္စ စုံစေ့ရအောင်
မောင်တို့ကြိုးစား ပြင်ဆင်ထားပြီ
အောင်စည်ဝေသံလွှမ်းသတည်း... ။

ထွေးကို(အား/ကာ)

GIVE YOUR CHILD AN EDUCATION THAT THEY CAN RELY ON
FOR THE REST OF THEIR LIVES

- Pre-School
- Primary
- Secondary
- IGCSE/'A' level
- Sat-Sun 'WISE' Classes

"Fit Brains Gain More"
BRAINWORKS
K-12 INTEGRATED SCHOOL
An ISO 9001:2008 and 14001:2004 Certified Institution

Kamayut 524599 501976 514267
Sanchaung 526456 0973143280
Pazundaung 293754 296552 299124
New University Avenue 551521 551951 553896
Lanmadaw 224426 224701
Parami 660855 0973107376
Taunggyi 094 937 8436 081-2122680
Latha 251228 250854
Tamwe 401592 - 4
41st Street 376022 376010
Thingangyun 8551360 - 3

အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ Enhancing of Women's Empowerment Sector Working Group (EWE-SWG)၏ ပထမအကြိမ် တွေ့ဆုံ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် **(အပေါ်ပုံ)**တက်ရောက်အမှာစကားပြောကြားရာတွင် ပထမအကြိမ် မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ(1st Myanmar Development Cooperation Forum) မှ ထွက်ပေါ်လာသော နေပြည်တော် ကြေညာစာတမ်း (Nay Pyi Taw Accord)အရ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့အနက် လူမှုအကာအကွယ်ပေးရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့တွင် မိမိတို့ဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိပါကြောင်း။

ယခုအန်စီဒေါတွင် ကတိကဝတ်ပြုထားသည့်အတိုင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မဆိုင်ရာ အမျိုးသားအဆင့် စီမံကိန်း (National Strategic Plan for Advancement of Women) ကို မကြာခင် ဖြန့်ဝေနိုင်တော့မည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးဥပဒေကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ (Development Partners) အနေဖြင့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားမြှင့်တင်ရေးလုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် စီမံချက်၊ လုပ်ငန်းအစီအစဉ်များအား ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြင်သစ်သံရုံးမှ တာဝန်ရှိသူနှင့် UNPFA (မြန်မာ)မှ ဌာနေကိုယ်စားလှယ် Ms. Janet Jackson တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ်များအား တက်ရောက်လာသော အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယနေ့ကျင်းပသော ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများ၊ နှီးနွှယ်ဆက်စပ်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ (Development Partners) ဖြစ်သော UN Agencies နှင့် INGOs များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၅ ဦး ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာ၌ လောင်းကစားဝိုင်းဖမ်းမိ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် ရတနာပုံလမ်းနေ ဦးကျော်လှထွန်း၏ နေအိမ်၌ လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ စက်တင်ဘာ ၉ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် သောင်ကြီးရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်ချစ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလင်းဇော်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများပါဝင်သော ပူးပေါင်းအင်အားဖြင့် ရောင်တခင် ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ကြသည်။

အဆိုပါ ရှမ်းကိုးမီးဟုအမည်တပ်ဖလောင်းကစားပြုလုပ်နေကြသော မအေးအေးဖြူး(ဘ)ဦးလှတင်၊ ဇော်မျိုးထွန်း(ဘ)ဦးအောင်တင်၊ မဥမ္မာ(ဘ)ဦးတင်လှိုင်၊ မမိုးမိုးအေး(ခ) ခရိုဂျာ(၃၅)နှစ် (ဘ)ဦးအေးမောင်၊ မစန္ဒာဝင်း(ဘ)ဦးမြင့်ရွှေ အိမ်ရှင်ဖြစ်သူ ဦးကျော်လှထွန်း (ဘ)ဦးမြဦး အပါအဝင် ခြောက်ဦးတို့အား တစ်ပါတည်းသိမ်းဆည်းရမိသည့် လောင်းကစားရာ၌ အသုံးပြုလျက်ရှိသော လောင်းကြေး ငွေကျပ် ၁၂၂၀၀၀ နှင့် ဖဲချပ် ၅၂ ချပ်၊ အန်စင်းကျားအညာစောင် တစ်ထည်၊ ကြွေပန်းကန်အသေးတစ်ချပ်၊ နှစ်လုံးထီလောင်းကစားရာတွင်အသုံးပြုသည့် နှစ်လုံးထီဂဏန်းရေးသားထားသော စာရွက်ပါ နှစ်ရွက်၊ အစိမ်းရောင် ဘောက်ချာသုံးရွက်၊ အဝါရောင် အိတ်တစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အိမ်ရှင်ဦးကျော်လှထွန်း အပါအဝင် ခြောက်ဦးတို့အား သက်သေခံ ပစ္စည်းများနှင့်အတူ သောင်ကြီး ရဲစခန်းမ စခန်းမှူး ရဲအုပ်ချစ်ကိုကိုက လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(မင်းထက်ပိုင်-လှိုင်သာယာ)

ရန်ကုန်မြို့၌ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၆

စက်တင်ဘာ ၀၅ ရက် ည ၇ နာရီ ၅၈ မိနစ်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၄)ရပ်ကွက် မဟာဗန္ဓုလလမ်း(လည်းတန်းလမ်းထိပ်အနီး) မြေညီထပ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ မြေညီထပ်ရှိ ဦးမျိုးသန့် (၆၀)နှစ်၏ နေအိမ်နောက်ဖေးအဝတ်အထည်များထားရှိသည့်အခန်းတွင်လျှပ်စစ်မီးဝလပ်ခဲအနီး လျှပ်စစ်ကြိုးများ ဆက်ထားသည့်နေရာမှ ဝါယာရှော့ဖြစ်ပွားပြီး အထည်ဖြတ်စများကို မီးလောင်ကျွမ်းခဲ့ရာ ည ၈ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၆ ရက် နံနက် ၆ နာရီ မိနစ်၃၈ တွင်လည်း မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း စိန်ပန်းလမ်းတွင် လျှပ်စစ်မီးဖိုဖွင့်ထားစဉ် အပူလွန်ပြီး မီးဖိုအနီးရှိစားအုန်းဆီပုလင်းများ ထည့်ထားသော စက္ကူဘူးခြောက်ဘူး၊ ထဝခိုးသစ်သားတန်းမီးလောင်ပျက်စီးမရှိကြောင်း၊ မီးလောင်မဖြစ်ပွားရာသို့ မီးသတ်ယာဉ်လေးစီးဖြင့် လာရောက် မီးငြိမ်းသတ်ခဲ့ရကြောင်း၊ ယင်းမီးလောင်မှုအတွက် အရေးယူထားကြောင်း သိရသည်။

(မောင်စေအောင်)

☆ **ရွှေဖုံးမ**

ယင်းနောက် ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Chatrium Riversides ဟိုတယ်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ကြိုဆိုနှုတ်ဆက်ပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော်မှ တေးဂီတအဖွဲ့က တေးသီချင်းများ သီဆိုဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်း၊ ပခုက္ကူ၊ ညောင်ဦး၊ ဟင်္သာတနှင့် ငါးသိုင်းချောင်းမြို့နယ်များ၌ စိုးရိမ်ရေမှတ်အခြေအနေများ

နေပြည်တော် စက်တင်ဘာ ၁၆

ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့၌ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၃၈ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်)ကျော်လွန်နေကာ နောက် ၃ ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်တွင်တည်ရှိနေကာ ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ စက်တင်ဘာ ၁၄ ရက် နံနက် ၀၀ း ၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ (၁ ဒသမ ၇ ပေခန့်)ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၅ စင်တီမီတာ (ပေဝက်ခန့်)ကျော်လွန်နေ၍ ယနေ့မွန်းတည့်မှ နောက် ၃ ရက်အတွင်း ၆၀ စင်တီမီတာ (၂ ပေခန့်) ဆက်လက်မြင့်တက်လာနိုင်ကာ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက် ၃ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (၀ ဒသမ ၃ ပေခန့်) ကျော်လွန်နေ၍ ယနေ့မွန်းတည့်မှ နောက် ၃ ရက်အတွင်း ၆၀ စင်တီမီတာ (၂ ပေခန့်) ဆက်လက်မြင့်တက်လာနိုင်ကာ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပညာရေးကောလိပ်များ၏ အခြေခံပညာသင်ထောက်ကူပြိုင်ပွဲဖွင့်

နေပြည်တော် စက်တင်ဘာ ၁၆

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ပညာရေးကောလိပ်များ၏ ၂၀၁၃ ခုနှစ် အခြေခံပညာသင်ထောက်ကူပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က အခြေခံပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ အခြေခံပညာရေးဖွဲ့စည်းမပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတကာကျင့်သုံးတဲ့စနစ်နှင့် ကိုက်ညီစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာမူလတန်းအဆင့်တွင် ကလေးဗဟိုပြုချဉ်းကပ် သင်ကြားနည်းကို ထိရောက်စွာအသုံးပြုသင်ကြားနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီး ဆရာ ဆရာမများအား သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်ခန်းစာကို အလွတ်ကျက်မှတ်စေခြင်းမပြုဘဲ ကျောင်းသား ကျောင်းသူများကိုယ်တိုင်သိရှိနားလည်ပြီး လက်တွေ့ပြန်လည်အသုံးချနိုင်ရေးအတွက် သင်ခန်းစာနှင့် ဆီလျော်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုသင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ဆရာ ဆရာမများဘက်မှ ရပ်တည်ပေးနေပြီဖြစ်ရာ ဆရာ ဆရာမများအနေနှင့်လည်း ကိုယ်ကျင့်သိက္ခာမြင့်တက်လာစေရေးနှင့် သင်ကြားမှုအရည်အသွေး၊ တီထွင်ဖန်တီးမှုစွမ်းရည်များ တိုးတက်မြင့်မားလာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကို သင်ကြားလေ့ကျင့်ပြုစုပျိုးထောင် ပေးရာမှာလည်း စာပေဘာသာရပ်ကိုသာမက ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက်ကိုပါ လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့်အတူ ပြိုင်ပွဲဝင်သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပညာရေးကောလိပ် ၂၀ မှ ကိုယ်စားပြုဆရာ ဆရာမများက အခြေခံပညာမူလတန်း၊ အလယ်တန်းဆင့်ဆိုင်ရာ ပထဝီ၊ သမိုင်းဘာသာရပ်များအတွက် သင်ထောက်ကူ ကားချပ်ပြိုင်ပွဲ၊ သင်္ချာနှင့် အထွေထွေသိပ္ပံဘာသာရပ်အတွက် သင်ထောက်ကူမော်ဒယ်ပြိုင်ပွဲ၊ မြန်မာစာ နှင့်အင်္ဂလိပ်စာ ဘာသာရပ်များအတွက် သင်ထောက်ကူသေတ္တာပြိုင်ပွဲများကို ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထူးချွန်ဆုရရှိသော ပညာရေးကောလိပ်များကို အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်တိုက်ပြီး ထွက်ပြေးတိမ်းရှောင်

ရန်ကုန် စက်တင်ဘာ ၁၆

စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်က အလုံမြို့နယ် ကမ်းနားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) အမှတ်မသိ Suzuki Mini TRUCK အဖြူရောင်ယာဉ်သည် အလုံမီးသတ်စခန်းရှေ့အရောက် အမှိုက်သိမ်း တွန်းလှည်းဖြင့် သန့်ရှင်းရေးပြုလုပ်နေသည့် မဝင်းဝင်းအေး (၃၉)နှစ် လိုင်း (၃)အခန်း (၁၂)စည်ပင်သန့်ရှင်းရေးဝန်ထမ်းအိမ်ရာ အလုံမြို့နယ်နေသူအား တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားရာ မဝင်းဝင်းအေးတွင် နှာခေါင်းသွေးထွက်၊ပါးစပ်သွေးထွက်၊ နောက်စေ့ ဖူးရောင် ဒဏ်ရာရရှိပြီး သတိမရသဖြင့် တာဝန်သိပြည်သူများမှ အရေးပေါ်လူနာတင်ယာဉ်ခေါ်ယူပြီး ရန်ကုန်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီခန့်တွင် သေဆုံးသွားသဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှ PR-040 ဖြင့် လက်ခံထားရှိပြီး ယာဉ်မဆင်မခြင် မောင်းနှင်ထွက်ပြေးသူ ယာဉ်မောင်း (စုံစမ်းဆဲ) အား ပုဒ်မ ၃၃၈/၂၀၂ ဖြင့် အလုံမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရေးယူထားရာမှ ပုဒ် ၃၀၄(က)/၂၀၂ ဖြင့် တရားလိုရဲအုပ်ဟန်ကိုကိုဝင်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်မောင်ဦး (အလုံ)

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အဆင့်လေးဆင့်ဖြင့် စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်းခေါင်စာရင်းကော်မတီဝင်များအား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာရှင်းလင်းခြင်း အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခန်းမဆောင်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကော်မရှင်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီဝင်များ၊ UNFPA မှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ **(အပေါ်ပုံ)** က အမှာစကားပြောကြားရာတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာ၌ တိကျသော လူဦးရေကိန်းဂဏန်း အချက်အလက်များရရှိရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသစ်ကာလတွင် ယင်းလုပ်ငန်းကို မဖြစ်မနေဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို အဆင့်လေးဆင့်ဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းအောင်မြင်ရေးအတွက် အကြိုအဖြစ် ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ် ၂၀ ရွေးချယ်၍ ကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းမတော်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းစမ်းသပ်ကောက်ယူမှုများအပေါ် ပြန်လည်သုံးသပ်၍ ၂၀၁၄ ခုနှစ် ကောက်ယူမည့်လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၃ ခုနှစ် စမ်းသပ်ကောက်ယူခြင်းအပေါ် ကော်မတီအဆင့်ဆင့်မှ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သင်ခန်းစာဖော်ထုတ်ချက်များ၊ မေးခွန်းပုံစံဖြေကြားချက်များမှ စီမံကိန်းများအတွက် ဖော်ထုတ်ရရှိမည့် အချက်များ၊ လမ်းမတော်နှင့် ရွှေပြည်သာမြို့နယ်တို့၌ စမ်းသပ်ကောက်ယူမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ၂၀၁၄ ခုနှစ် လုပ်ငန်းစဉ်အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မည့်အစီအစဉ်နှင့် ပြည်သူလူထု အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် အစီအစဉ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် ကော်မတီဝင်များမှ မြေပြင်ကွင်းဆင်းဆောင်ရွက်ရမည့်ရက်အလိုက် လုပ်ငန်းစဉ်များ၊ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် လုပ်ငန်းအခက်အခဲများအပေါ် ကော်မတီအဆင့်ဆင့်သို့ အချိန်မီတင်ပြ ဆောင်ရွက်နိုင်ရေး အခြေအနေများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆောက်အအုံများ၊ အိမ်ထောင်စုများ မှန်ကန်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ **ကျေးလက်ဒေသမှ**

ဖော်ကြရမှာဖြစ်ကြောင်း၊ အပုပိုင်းမိုးနည်းရပ်ဝန်းဒေသ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးလက်စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် လုပ်ငန်းမူဝါဒ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပါဝင်ပြီး ဘက်စုံ ကျေးလက်ဖွံ့ဖြိုးရေး အပြေခံမူဘောင်နှင့် အဓိက ပင်မမဟာဗျူဟာ(၅)ချက် ရေးဆွဲချမှတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရေး မဟာဗျူဟာချမှတ်ပြင်းနှင့် ထပ်ပေါင်းအကျိုးအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း၍ ဆင်းရဲမှုလျော့ချခြင်း မဟာဗျူဟာများ ရေးဆွဲချမှတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေဒေသအလိုက် အချိန်နှင့်နေရာဒေသများ ဝိုင်းခြားဆောင်ရွက်သွားနိုင်ရေး လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ လာမည့်သုံးလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာမူဘောင်စီမံချက်အပြီးသတ်ရေးဆွဲနိုင်ရေး လိုအပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးညှိနှိုင်းမှုများ၊ Seminar နှင့် ဖိုရမ်များ၊ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဦးတင်ငွေတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်များ ရေးဆွဲထားမှုနှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ဗန်ကောက်မြို့မှ**

ဆိုင်းဘုတ်ကိုလည်း တန်းမြင်ရမှာဖြစ်ကြောင်း၊ Siam (BTS) ဘူတာမှာ ဗန်ကောက်မြို့လယ်နေရာဘူတာဖြစ်သည့်အတွက် ဗန်ကောက်မြို့မှ ဆိုလျှင်မည်သည့်နေရာကမဆို အလွယ်တကူသွားရောက်နိုင်ကြသည့် နေရာဖြစ်ကြောင်း၊ (MRT) မြေအောက်ရထားစီးလာကြမည်ဆိုလျှင် (MRT) ဘူတာများဖြစ်သော စီးလုံ၊ ဆုကွန်ဗစ်၊ ချပ်တုချက် (Silom or Sukhumvit or Chatuchak) ဘူတာများရှိ BTS မိုးပျံရထားကို ပြောင်းစီးလိုက်နိုင်ပါကြောင်း၊ BTS နဲ့သွားမှ အဆင်ပြေမည်ဖြစ်ကြောင်းလည်း သိရသည်။ **(၀၄၀)**

မြန်မာနှင့်အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်နေစဉ်။

✻ **မြန်မာအသင်းမှ**

မြန်မာအသင်းမှာသုံးပွဲစလုံးနိုင်ပြီး အုပ်စုတက်ရောက်သွားပြီဖြစ်သည်။

(ဒုတိယပွဲ)

ဂျပန်ယူ -၂၃ - လေးဂိုး
လာအို - တစ်ဂိုး

ယနေ့ပွဲအပြီးတွင် အုပ်စု(ခ)၌ အိမ်ရှင်မြန်မာနှင့် ဂျပန်အသင်းတို့မှာ သုံးပွဲစလုံးနိုင်ပြီး ရမှတ်ကိုးမှတ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

(ယနေ့ပွဲ)

ညနေ ၄ နာရီ
(အောင်ဆန်းကွင်း) ဗီယက်နမ်-ဩစတြေးလျ
(သုဝဏ္ဏကွင်း) ထိုင်း-မလေးရှား

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အောက်တိုဘာလမှာ လင်းပြာဝေမည့် မသန်စွမ်းသူတို့ရဲ့ အနုရောင်စဉ်ပွဲ

မေး/ရေး
ဆွေဆွေနိုင်၊ နန္ဒာဝင်း

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံတွင် ပထမအကြိမ် ကျင်းပမည့် မသန်စွမ်းအနုပညာပွဲတော် “အနုဂ္ဂရောင်စဉ်” ကို လာမည့် အောက်တိုဘာ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ သိရသည်။

အဆိုပါပွဲတော်ကို မသန်စွမ်းသူများ၏ အနုပညာစွမ်းပကားကို သိရှိစေရန်၊ မသန်စွမ်းသူများ၏ အနုပညာ ခံစားဖန်တီးလိုစိတ်ကို မြေတောင်မြှောက်ပေးရန်၊ မသန်စွမ်းသူအချင်းချင်းကြား စည်းလုံးညီညွတ်မှုကို ပွဲတော်မှဖော်ဆောင်ရန်၊ အနုပညာကွန်ရက်တစ်ခုရရှိရန်နှင့် မသန်စွမ်းအနုပညာရှင်များကို အောင်မြင်သည့်အနုပညာရှင်များ ဖြစ်လာစေရေးအတွက် ပံ့ပိုးပေးရန် စသည် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း အနုပညာပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ တွဲဖက်အတွင်းရေးမှူးက ပြောပြသည်။

“မသန်စွမ်းတဲ့လူတွေအပေါ် ပြည်သူလူထုတွေက မသန်ဘူး၊ မစွမ်းဘူး၊ သနားစရာကောင်းတယ်ဆိုတဲ့ အမြင်တွေကို ပျောက်သွားစေချင်ပါတယ်၊ ပွဲတော်ကို နိုင်ငံတော်အဆင့်ကျင်းပဖို့အတွက် တစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများက တစ်ဦးချင်းရော၊ အသင်းအဖွဲ့ပါ ပါဝင်ကြမှာဖြစ်ပါတယ်။ အနုပညာအလှအသီးသီးက အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တွေက ဝိုင်းဝန်းအားဖြည့်ပေးသွားမှာပါ” ဟုလည်း ၎င်းက ဆက်လက်ပြောပြသည်။

“ဒီပွဲတော်မျိုးက ၂၀၀၇ ခုနှစ်တုန်းက ကမ္ဘောဒီးယားနိုင်ငံမှာ ဒေသတွင်းပွဲတော်လုပ်ခဲ့ဖူးတယ်၊ ၂၀၀၈ ခုနှစ်မှာ ကမ္ဘောဒီးယားက အာဆီယံအိမ်ရှင်နိုင်ငံ ဖြစ်တော့ အဲဒီမှာ အာဆီယံအဆင့်ပွဲတော် လုပ်ခဲ့တယ်၊ သူတို့လုပ်ခဲ့တဲ့ အတွေ့အကြုံ ကောင်းတွေကို နမူနာယူပြီး မြန်မာနိုင်ငံမှာလည်း ဒါမျိုးပွဲလုပ်ဖို့လိုတယ်” ဟု ၎င်းက ထပ်မံပြောပြသည်။

အနုပညာပွဲတော်တွင် မြန်မာ့ ရိုးရာအက၊ တိုင်းရင်းသားအက၊ ခေတ်ပေါ်အက၊ အတီး၊ တစ်ဦးချင်း စန္ဒရား၊ ပတ္တလား၊ တယော၊ မြန်မာ့ဆိုင်းဝိုင်း၊ ကချင်ရိုးရာ သစ်ကီးဝိုင်း၊ ကီးဘုတ်လက်စွမ်းပြ၊ အငြိမ့်၊ ပြဇာတ်တို့၊ သတင်းမှတ်တမ်း၊ ပန်းချီ၊ ပန်းပု၊ စာပေ၊ လှုပ်ရှားမှုမှတ်တမ်း၊ ကွက်စိပ်တို့ ပါဝင်မည်ဖြစ်သည်။

“ဂျပန်နိုင်ငံက အပြောအကြားအာရုံချို့ယွင်းနေတဲ့အဖွဲ့က သူတို့ရဲ့ ရိုးရာဗုံတီးနည်းနဲ့ ဖျော်ဖြေမယ်။ အလားအလာရှိတဲ့ သန်စွမ်းတဲ့ အနုပညာ ဝါသနာပါသူတွေကို မြေတောင်မြှောက်ပေးသလို မသန်စွမ်းတဲ့သူတွေကိုလည်း မြေတောင်မြှောက်ပေးဖို့ မေတ္တာရပ်ခံချင်တယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းက လည်း ကျွန်တော်တို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တယ်” ဟု ဦးအောင်ကိုမြင့်က ပြောပြသည်။

ခေတ်ပေါ်အဆိုပညာကို ရူးသွပ်ပြီး ယခုပွဲတွင် အဆိုပညာဖြင့် ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ဝင် လှိုင်သာယာမြို့နယ်မှ ကိုပြည့်ဖြိုးအောင်က “ကျွန်တော်က ခေတ်ပေါ်တေးဂီတ အယောက် ၂၀ ရွေးတဲ့အထဲမှာပါတာပါ။ ကိုလင်းနစ်ရဲ့ ဒီဇင်ဘာညနဲ့ L လွန်းဝါရဲ့ အဖြူသက်သက်ကို ဆိုဖို့ရွေးထားပါတယ်”ဟု ပြောသည်။

သန်စွမ်းတဲ့သူတွေမှာ အခွင့်အရေးရှိသလို မသန်စွမ်းတဲ့သူတွေကိုလည်း ဒီအခွင့်အရေးဖန်တီးပေးရင် အားလုံးပါဝင်တဲ့၊ အကျုံးဝင်ပျော်ရွှင်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့လည်း တန်းတူပါဝင်ချင်လို့ တန်းတူအခွင့်အရေးကို တောင်းဆိုခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် အလေးထားပြီး ပြည်သူတွေက ဝိုင်းဝန်းကူညီပေးကြပါ” ဟု ဦးအောင်ကိုမြင့်က ထပ်မံပြောပြခဲ့သည်။

အနုဂ္ဂရောင်စဉ် ပွဲတော်ကို နံနက်ပိုင်းနှင့် ညပိုင်း နှစ်ချိန်ခွဲ၍ ကျင်းပမည်ဖြစ်သည်။ နံနက်ပိုင်း အစီအစဉ်များကို ဝင်ကြေးအခမဲ့ဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ညပိုင်း အစီအစဉ်များကို ဝင်ကြေးငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။ ရရှိလာသည့် ဝင်ကြေးများကို ပွဲတော်တွင် ပါဝင်မည့် မသန်စွမ်းအနုပညာရှင်များအား ဆုအဖြစ် ချီးမြှင့်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းရှေ့ဆောင်အဖွဲ့မှ ဦးအောင်ကိုမြင့်။

❐ **ကျောဖုံးမှ**

ဧရာမမိကျောင်းကြီးတစ်ကောင်ကို ဖမ်းဆီးရမိခြင်းဖြစ်သည်။

မစ္စစ္စပီပြည်နယ်၏ အမဲလိုက်ရာသီအတွင်း မိကျောင်းဖမ်းဆီးရေးအဖွဲ့များက မိကျောင်းများကို အပြိုင်အဆိုင် ဖမ်းဆီးခဲ့ကြသည်။

မိကျောင်းမုဆိုးများက အုပ်စုများဖွဲ့၍ မိကျောင်းများကို ဖမ်းဆီးခဲ့ကြရာ စက်တင်ဘာ ၁ ရက် ညသန်းခေါင်ယံအလွန်တွင် အလေးချိန် ၇၂၃ ပေါင် (၃၂၈ ကီလို) ရှိ မိကျောင်းတစ်ကောင်ကိုလည်းကောင်း၊ နောက်တစ်နာရီအကြာတွင် အလေးချိန် ၇၂၇ ပေါင် (ကီလို ၃၃၀) ရှိ မိကျောင်းတစ်ကောင်ကိုလည်းကောင်း၊ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် အလေးချိန် ၇၄၁ ပေါင်(၃၃၆ ကီလို) ရှိမိကျောင်းတစ်ကောင်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ကိုယ်အလေးချိန်အများဆုံး မိကျောင်းကြီးကို ဖမ်းဆီးရမိသော မုဆိုးအဖွဲ့မှာ မုဆိုးလက်သစ် ဒယ်ကိုတန်နာ ဦးစီးသောအဖွဲ့ဖြစ်သည်။

ကိုယ်အလေးချိန်အများဆုံး မိကျောင်းကြီးကို မစ္စစ္စပီပြည်နယ် ဗွိဂစ်ဘာဆင်မြို့အနီး မစ္စစ္စပီမြစ်၏ ရေသေဧရိယာတစ်နေရာတွင် ဖမ်းဆီးရမိခဲ့သည်။

ပြည်တွင်းရေးရာ

မကြည့်နဲ့

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုတွေမှာ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် လုံလုံခြုံခြုံဝတ်ဆင်ကြတာများပါတယ်။ အနောက်တိုင်းယဉ်ကျေးမှုတွေ ဝင်လာပြီး အတုခိုး ဝတ်လိုက်ကြတာ လူမြင်မတော်အောင် ဖြစ်နေကြပါပြီ။ ခေတ်လို့ပြောပြီး လုပ်နေကြတာ အခုကတည်းက မတားရင် နောက်အနှစ် ၅၀ လောက်မှာ ဗလာဖြစ်လာမလားလို့ ထင်မိပါတယ်။

အထူးသဖြင့် အခုခေတ်အအိတ်တွေက အပျိုတွေနဲ့ မခြား ဝတ်လာတာ တွေ့လာရလို့ ရေးလူကြီးတွေ အဆိုအရ အအိက အပျိုနဲ့တူလာရင် တိုင်းပြည်ပျက်ခါနီးပြီလို့ ဆိုတာရှိပါတယ်။

မိန်းကလေးတွေ လှချင်တာ သဘာဝကျပါတယ်၊ ချစ်ခင်လာအောင် ဖန်တီးရာမှာ အဲဒီအဖီးအလိမ်းတွေ၊ ဝတ်တာစားတာတွေကို ရှေ့တန်းတင်လိုက်ကြတာ တွေ့နေရပါတယ်။ ဒီလိုဆိုလို့ ကျုပ်ကို ငယ်ငယ်က "အပျို့လင်" ဇာတ်ကားထဲက မင်းသမီးလို အင်္ကျီဖားဖားကြီးတွေ ဝတ်ရမယ်လို့ ပြောတာ မဟုတ်ပါဘူး။ အရှက်ကို ဖုံးကွယ်တဲ့ အဝတ်အစားတွေကို ပုံစံမျိုးစုံနဲ့ ဝတ်သင့်ပါတယ်။

မိဘမောင်ဖွားတွေရှေ့မှာ ဇနီးနဲ့ သမီးတွေက ပေါင်ရင်းအထိတိုတဲ့ ဘောင်းဘီတွေ ဝတ်ပြီး သွားလာနေကြတာမျိုး၊ အပြင်ထွက် ဈေးထွက် ဝယ်တဲ့အလုပ်မျိုး မလုပ်မိဖို့တော့ လိုပါလိမ့်မယ်။

စာရေးသူဟာ အသက်(၇၀)ကျော်တဲ့ အဘိုးကြီးပါ။ ဟိုတစ်နေ့က ပက်လက်ကုလားထိုင်လေး ဝယ်ဖို့ နာမည်ကြီး ကုန်တိုက်ကြီးကို သွားတာ အဲဒီလို ဘောင်းဘီတိုတွေ၊ စကတ်တိုတွေဝတ်တဲ့ မိန်းကလေးငယ်တွေကို အတော်များများ တွေ့ခဲ့ရပါတယ်။ ယောကျ်ားလေးက မိန်းကလေးရဲ့ပခုံးကို ဖက်ပြီး လမ်းလျှောက်နေတဲ့ အတွဲတောင် တွေ့ခဲ့ရလို့ မျက်ကွယ်မှာ ပြုရမယ့်ကိစ္စတွေကို လူမြင်ကွင်းမှာ ပြုကြတာတော့ ကြာလာရင် ရိုးသွားပြီး အဲဒီအပြုအမူတွေတောင် မြန်မာ့ရိုးရာထဲ တည့်တော့မယ့်ပုံပေါ်လာမှာ စိုးရိမ်မိပါတယ်။

ရာဂကို နိုးဆွတဲ့ မပေါ့တပေါ်၊ မလုံမလဲ၊ ပါးပါးလွှာလွှာ အဝတ်အစားတွေကို လှတယ်ဆိုပြီး မဝတ်မိဖို့ လိုပါတယ်။

"ဣတ္ထိ ရူပံ ခနံ"လို့ အဟောရှိပါတယ်။ မိန်းကလေးတို့ရဲ့အလှဟာ သူတို့ရဲ့ ဥစ္စာမည်တယ်လို့ ပြဆိုထားတဲ့အတွက် လှပချင်ကြတာ တရားပါတယ်။ အချိုးအစားပြေပြစ်ပြီး ကျက်သရေရှိတဲ့ မျက်နှာပိုင်ရှင်ဖြစ် ပြီဆိုရင်တော့ ရင်ဘုရင်က တော်ကောက်သည်အထိ ဖြစ်တာကို ကြားဖူးမှာပေါ့။ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ မိန်းကလေးဆိုရင် မြင်သူငေးလောက်အောင် ဖြစ်တာတော့ တွေ့ဖူးပါတယ်။ အဲဒီလိုလှပဖို့ ဆံပင်ကို ပြုပြင်ခြင်း၊ မျက်နှာကို ခြယ်သခြင်းတို့ လုပ်မှ လှတယ်ဆိုပေမယ့် မိမိရဲ့ အသားအရေ ရုပ်လက္ခဏာပေါ်မူတည်ပြီး လှလှပပ လိုက်ဖက်တဲ့ အဝတ်အစားတွေ ဆင်မြန်းလိုက်ရင်လည်း မြင်သူ ငေးလောက်ပါတယ်။

အခုတော့ ဒီလိုမဟုတ်ဘဲ အနောက်တိုင်းယဉ်ကျေးမှုတွေကို အတုခိုးပြီး ဖြတ်ကြ၊ တောက်ကြ၊ ဖီးကြ၊ လိမ်းကြ၊ တိုတိုလေးတွေ ဝတ်စားလာကြလို့ အမြင်ကတ်စဖွယ် တွေ့နေရပါတယ်။

ဒီနေရာမှာ ပြတဲ့လူကရှိနေတော့ ကြည့်ကြည့်ရာမှ သွားလည်း ထိမိရော ရဲစခန်းထဲရောက်ကြ၊ ဆေးရုံရောက်ကြတာတွေလည်း တွေ့နေရပါတယ်။

အလျဉ်းသင့်လို့ အဘပြောပြချင်ပါတယ်။ အဘရဲ့ တကယ်တွေ့ပါ။ လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်လောက်က အဘ အထက်တန်းကျောင်းသား ဆယ်တန်းကျောင်းသားကြီးတုန်းက ကျောင်းသားခေါင်းဆောင်လုပ်ခဲ့ရတယ်။ ကျောင်းမှာပြေးခုန်ပစ်ပွဲကြီး လုပ်ဖို့ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းထဲမှာ စည်းဝေးနေတဲ့အချိန် မှန်ပြတင်းပေါက်က ကျောင်းသူလေး သုံးယောက်လာချောင်းကြည့်နေတာကို ဆရာမကြီး မြင်တော့ ထိုင်ရာမှ ထသွားပြီး တံခါးကိုဖွင့်ကာ သုံးယောက်စလုံး ရုံးခန်းထဲ ခေါ်သွားလိုက်ပါတယ်။ ပြီးမှ ဆရာမကြီးက "ဘာကိစ္စလဲ ဖြေစမ်း"လို့ မေးရာ ကျောင်းသူလေးတွေက ကြောက်ရွံ့တဲ့ အမူအရာနဲ့ "ကျွန်မတို့ကို ဟိုဘက်အပေါ်ထပ်က ကျောင်းသားတွေက လျှာထုတ်ပြီး ပြောင်ပြနေလို့ လာတိုင်တာပါ" လို့လည်း ပြောသကြားရော ဆရာမကြီးကလည်း "သူတို့ပြောင်ပြတာကို နင်တို့က သွားကြည့်လို့ မြင်တာပေါ့။ သွားမကြည့်ဘဲ မြင်ပါ့မလား။ သွားကြည့်တဲ့နင်တို့မှာ အပြစ်ရှိတယ်" ဆိုပြီး ကြိမ်လုံးနဲ့ သုံးချက်စီ ရိုက်လိုက်တာကို တွေ့ခဲ့ဖူးပါတယ်။ အဲဒီကစပြီး အဘလည်း တစ်သက်လုံး အမှတ်ထားပြီး ကြည့်တာကို သတိထားပါတယ်။

ဒါကြောင့် မျက်စိအမြင်အာရုံက ကူးစက်ပြီး မဟုတ်မဟုတ်တာတွေ တွေးထင်တတ်တာကြောင့် အမြင်အကြား မထိန်းကျောင်းနိုင်ရင် ငါးပေါက်မှားရင် ငါးပါးမှောက်တတ်တယ်ဆိုတဲ့ ဆရာတော်စကား သွားကြားမိပါတယ်။

ဒါကြောင့် ငါးပါးလည်းမမှားရအောင် ကြည့်ကို မကြည့်မိအောင် ဆင်ခြင်ပါနော်။ ။

သိဒ္ဓိမောင်ဒွေး

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိတ္ထီလာ ရန်မျိုးအောင်လမ်းမပေါ်တွင် သက်တမ်းရင့် ဗာဒံပင်လဲကျ

မိတ္ထီလာ စက်တင်ဘာ ၁၆

စက်တင်ဘာ ၁၅ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိတ္ထီလာမြို့ ရန်မျိုးအောင်လမ်း မပေါ်တွင် သက်တမ်းရင့်ဗာဒံပင်ကြီးတစ်ပင် လဲသွားခဲ့ကြောင်း သိရသည်။

"မနေ့ညက မိုးရွာတာ တော်တော်များတယ်။ ရွာတဲ့အချိန်လည်းကြာတော့ ရပ်ကွက်တချို့က သစ်ပင်တွေ လဲကျတယ်။ လူတွေထိခိုက်ဒဏ်ရာရတာမျိုးတော့ မကြားမိဘူး။ အခုဗာဒံပင်လဲတာ ကျွန်တော်တို့ အိမ်ရှေ့က ရန်မျိုးအောင်လမ်းပေါ်မှာဆိုတော့ လမ်းသွားလမ်းလာတွေအတွက် လမ်းပိတ်သွားတယ်။ လျှပ်စစ်ကြိုးအချို့လည်း ပျက်ကျကုန်တယ်။ မိတ္ထီလာဈေးကြီးကိုသွားတဲ့ဈေးသွားဈေးလာတွေအပြင် ကျောင်းသား ကျောင်းသူတွေ ဖြတ်သန်းသွားလာတဲ့ အဓိကလမ်းဖြစ်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေ လာရောက်မရှင်းလင်းခင် ကိုယ်နိုင်သလောက် ခုတ်ထွင်းရှင်းလင်းနေတာပါ"ဟု အဆိုပါလမ်းအနီး နေထိုင်သူတစ်ဦးက ပြောပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့ရပ်ကွက်နေရာများတွင် သစ်ပင်တချို့လဲကျခြင်း၊ လမ်းပေါ်ရေတင်ခြင်း၊ ရေဝပ်ခြင်းများဖြစ်ပေါ်ခဲ့ခြင်းကြောင့် တာဝန်သိပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။ (၇၃၉)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖော်ပြပါစခန်းများ၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံ ချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင် စံချိန် ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်လှစ်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ညောင်လေးပင်	၀၄၀	၅. ၅၂	၁၃၀	၅. ၁၂	၅-၉-၂၀၀၂	၁၂
၂။	ငါးသိုင်းချောင်း	၁၁၀	၄. ၃၃	၉၃	၃. ၆၆	၂၀-၉-၂၀၀၇	၂၅

ရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများအတွက်

TV 5 NETWORK

ခေါင်းဆောင် မင်းသားများ

ခေါင်းဆောင် မင်းသမီးများ

အလိုရှိသည်။

လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် (၁၀-၁၀-၂၀၁၃)

လျှောက်လွှာပုံစံ ဆက်သွယ်ဝယ်ယူရမည့် နေရာများ

ရန်ကုန် — အမှတ် (၃၄/ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ဖုန်း ၀၁-၄၀၀၈၇၈ Ext: ၈၄၂။

မန္တလေး — အမှတ် (၁၆၇)၊ လမ်း (၃၀)၊ (၈၂)လမ်းနှင့် (၈၃)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂-၇၁၁၁၄၊

မော်လမြိုင် — အမှတ် (၇)၊ စစ်မှုထမ်းအိမ်ရာအပေါ်ထပ်၊ သာသနာ့ဗိမာန်လမ်း၊ ဖုန်း ၀၅၇-၂၆၇၁၅၊

တောင်ကြီး — တိုက်(၁၆၄-၁၆၅)၊ အခန်း (၃၀၆)၊ ရွှေဝတ်ရည်အဆင့်မြင့်အိမ်ရာ၊ ချောင်ချိုင်းကွက်၊ ဖုန်း ၀၈၁-၂၁၁၃၈၄၊

မြစ်ကိုတွေလျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

LL.M ဘွဲ့အလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.M ဘွဲ့ရ အလုပ်လျှောက်ထားလာသူများ အားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၅-၁၀-၂၀၀၃ (စနေနေ့)	နံနက်(၉း၀၀)နာရီ မှ(၁၂း၀၀)နာရီထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၆-၁၀-၂၀၀၃ (တနင်္ဂနွေနေ့)	နံနက်(၉း၀၀)နာရီ မှ (၁၂း၀၀)နာရီထိ	အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်)

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၂-၅၇၃၆၃)၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၁-၅၂၂၆၆၁) နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်းနံပါတ်(၀၆၇-၄၀၄၀၀၇)တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စုများကုန်းမြေမြင့်တွင် ပြောင်းရွှေ့နေထိုင်

မန္တလေး စက်တင်ဘာ ၀၆

ပုသိမ်ကြီးမြို့နယ် ဂျိုင့်ကြီး ကျေးရွာအုပ်စုနှင့် ကျန်းဆင်ကျေးရွာ အုပ်စုများရှိ ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် စစ်ကိုင်းမြို့နယ် လက်ပန်ကျေးရွာ အနီးရှိ ကုန်းမြေမြင့်များတွင် ခေတ္တ ပြောင်းရွှေ့လာကြသည့် အိမ်ထောင်စု ၅၀ ခန့်အား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌတို့၏ဦးဆောင်မှုဖြင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆန်အိတ် ၁၀ အိတ်၊ ယမ်းယမ်းခေါက်ဆွဲခြောက် ဖာ ၂၀ တို့ကို ကျေးရွာပြည်သူများ အား စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

(ဝေဖြိုးအောင်)

အောက်တိုဘာ သီတင်းကျွတ်အားလပ်ရက်တွင် ပြည်ပခရီး လည်ပတ်ချင်သူများအတွက်
အောက်တိုဘာ ၁၉ နိုင်ငံတကာ ပြည်ပအထူးခရီးစဉ်များ -
Mr. Myanmar Travel and Tours
ဂျပန် ခရီးစဉ် (ည/ရက် - တိုကျို ၃ည) (အိုဆာကာ-နာရာ-ကျိုတို-ဖူဂျီ-ကမာကူရ-ယိုကိုဟားမား-တိုကျို)
ကိုရီးယား ခရီးစဉ်(ည/ရက်)
စင်ကာပူ ခရီးစဉ်(ည/ရက်)
ဗန်ကောက် ခရီးစဉ်(ည/ရက်)
ကူမင်း-ရှန်ဟိုင်-ပေကျင်း ခရီးစဉ်(ည/ရက်)
ဟောင်ကောင် ခရီးစဉ်(ည/ရက်)
ကမ္ဘောဒီးယား ခရီးစဉ်(ည/ရက်)
ဗီယက်နမ် ခရီးစဉ် (ည/ရက်)
Hot Line: 0973211140 Tel: 0943185215, 228828, 011221270
တိုက်အမှတ် ၂၉/၃၀၊ အခန်း ၂၉/ဘီ၊ ပထမထပ်၊ ဗဟိုရုံစည်ဟိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဘိုးယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အလက(၂)အင်းစိန်(ဂျူဘလီ)

အလက(၂)အင်းစိန်(ဂျူဘလီ)တွင် ၁၉၆၉မှ ၂၀၀၀ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ရက် - ၂၆-၁၀-၂၀၀၃ရက်(စနေနေ့)
- ကျင်းပမည့်အချိန် - နံနက် ၈နာရီ
- ကျင်းပမည့်နေရာ - အလက(၂)အင်းစိန်၊ ဒေါနလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။

အသေးစိတ်သိလိုလျှင်၊ ဆက်သွယ်လှူဒါန်းလိုလျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်များ-

၁။ ဒေါ်သန္တာလိုင်(ကျောင်းအုပ်ဆရာမကြီး) ၀၁-၆၄၀၀၂၅

၂။ ဆရာ ဦးခင်မောင်ဝင်း ၀၉-၄၂၀၀၄၀၆၃၉

၃။ ကိုအောင်ဖြတ်ဦး ၀၉-၃၀၅၄၃၉၉၀

၄။ ကိုဆန်းမြင့် ၀၉-၅၀၂၈၇၆၃၊ ၀၉-၄၃၀၉၇၇၅၇

လူပျောက်

ကျွန်တော်၏သမီးဖြစ်သူ မပိုပိုသိမ့် [၁၂/တမန(နိုင်)၀၀၀၃၆၉] ကိုင်ဆောင်သူ အသက်(၂၅)နှစ်သည် ၁၂-၉-၂၀၁၃ရက် ညနေ ၅ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်အကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ သွေးဆောင်ဖြားယောင်းထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးကျော်ကျော်မိုး[၉/မထလ(နိုင်)၀၀၉၄၅၉]
မြောက်ဒဂုံ (၅၂)ရပ်ကွက်၊ (အမေခြံ)
သခင်မြ ဖုန်း-၀၉-၇၃၀၉၅၉၈၅

ဘုရစ်ယာန် (အစ္စရေး၊ ဂျော်ဒန်၊ အီဂျစ်) သုံးနိုင်ငံခရီး
ယေရှုခရစ်ဖွားမြင်ရာဗက်လင်မြို့အပါအဝင်၊ နာမည်ကြီးနေရာဒေသများစွာသို့(၁၁)ရက်ခရစ်ယာန်အဖွဲ့ခရီး၊
ကျွမ်းကျင်ဆရာတစ်ဦးမှ ဦးဆောင်လမ်းညွှန်ပေးပြီး၊ ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်ကြီးများတွင်သာ တည်းခိုမည်ဖြစ်သည့်အပြင်၊
ဟိုတယ်ဘူဖေးအစားအသောက်များနေ့စဉ်ပါဝင်သည်။ အသက်သာသုံးနှုန်းဖြင့် တစ်ဦးလျှင်-(၂၉)သိန်း(၅)သောင်းကျပ်တိတိဖြင့်၊
နိုဝင်ဘာ(၈၅)ရက်နေ့ခရီးစဉ်အတွက်စာရင်းအမြန်ပေးသွင်းနိုင်ပြီ။ သင့်ဘဝအသက်တာတစ်ခုလုံးပြောင်းလဲစေနိုင်သောခရီးစဉ်အတွက် ယခုဆက်သွယ်လိုက်ပါ။
Business Plus Travel and Tours Co., Ltd
BUSINESSPLUS
ဧရှုံမတ်နှင့်နှစ်သစ်ကူးပွဲတော်အထူးခရီး - တစ်ဦးလျှင်USဒေါ်လာ(၃၃၀၀)တိတိဖြင့်စာရင်းပေးသွင်းနိုင်ပြီ။

NATURAL BREEZE
Travels & Tours
Email - naturalbreeze.travel@gmail.com Like Us on :www.facebook.com/naturalbreezetravels
ကိုရီးယားခရီးစဉ် 19-26.OCT
ဟောင်ကောင် 20-27.OCT
စင်ကာပူခရီးစဉ် 19-22.OCT
ဗန်ကောက်-ပတ္တရား 19-23.OCT
STAR CRUISE (SUPER STAR VIRGO)
19-24.OCT (စင်ကာပူ-လန်ကာဝီ-ဖူးကက် Super Star Virgo Cruise သင်္ဘောခရီးစဉ် ၅ညအိပ် ၆ရက်)
01 500734 09 73 211441 09 73 211442
အမှတ် (၂၅၂)၊ အခန်း(၅၀၄) စနေလျှိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၉လမ်း၊ အိမ်အမှတ်(၁၅၂)နေ ဦးမောင်မောင်သန်း- ဒေါ်သူဇာမြင့်တို့၏သား မောင်သန်းထိုက်ဦး[၁၂/ဗတထ(နိုင်)၀၄၀၄၂၆] သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၀-၈-၂၀၁၃ရက်တွင် မိဘသဘောမတူသည့် ကိစ္စပြုလုပ်သွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ရေး နှင့်ပတ်သက်သော ကိစ္စများအားလုံးက လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမောင်မောင်သန်း-ဒေါ်သူဇာမြင့်
[၁၂/ဗထတ(နိုင်)၀၂၉၉၂၂]၊ [၁၂/တမန(နိုင်)၀၄၉၂၇၆]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၅၂)၊ မြေညီထပ်နေ ဦးကျော်စိုးမိုး[၁၂/ကတတ(နိုင်)၀၀၈၀၆၅]နှင့် ဒေါ်သိင်္ဂအောင် [၁၂/ကတတ(နိုင်)၀၁၉၆၁၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများ၏ သားဖြစ်သူ မောင်အာကာမိုး[၁၂/ကတတ(နိုင်)၀၂၈၂၀၇]သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘ၊ ညီအစ်ကို၊ မောင်နှမများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်၊ အရှက်တကွဲဖြစ်အောင်ပြုလုပ်ခဲ့သဖြင့် ကြေညာသည့်နေ့မှစ၍ သားနှင့်သားအဖြစ် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကိုလင်း(ကောမျူး) LL.B,D.B.L,WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်-၃၃၉၄၇)၊ ဘာဏ်အကျိုးဆောင်ရှေ့နေ
အမှတ်-၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၄၂၅၇၄

လက်ဆေးပြီးပြီလား

"အာရောဂျံ၊ ပရမံ၊ လာဘံ"၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်ဦးချင်းသန့်ရှင်းမှုလိုသည်။ လူတစ်ဦးတစ်ယောက်စီသည် မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်ကို သန့်ရှင်းကြလျှင် လူအားလုံး သန့်ရှင်းပြီးသားဖြစ်သည်။ ကျန်းမာရေးနှင့်ပြည့်စုံရန် သန့်ရှင်းမှုက ကူညီသည်။ မြန်မာ့ရုပ်မြင်သံကြားတွင် မကြာခဏတင်ဆက်ပြသလျက်ရှိသော "လက်ဆေးပြီးပြီလား"ဟူသော ကျန်းမာရေးဆိုင်ရာ ပညာပေးဇာတ်လမ်းတိုလေးအတိုင်း လူတိုင်းသန့်ရှင်းမှုကို ဆောင်ရွက်နိုင်ရမည်။

မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နေရာတိုင်းတွင် မျက်စိနှင့် မမြင်ရသော ရောဂါပိုးမွှားများစွာ ခိုအောင်းလျက်ရှိသည်။ ပြင်ပသို့ ထွက်ခွာပြီးနောက် အိမ်သို့ပြန်ရောက်သည်နှင့် မိမိလက်ကို စင်ကြယ်စွာဆေးကြောသည့်စနစ်ကို လေ့ကျင့်ထားရမည်။

ကြုံတွေ့ခဲ့ဖူးသောအဖြစ်အပျက် ကလေးတစ်ခုကို တင်ပြလိုပါသည်။ စာရေးသူသည်နယ်သို့ပြန်ရန် ရန်ကုန်မြို့ထဲမှ ဒဂုံဧရာအဝေးပြေးကားဂိတ်သို့ သွားရာတွင် ဘုရင့်နောင်တံတားမရောက်မီ အချိန်တော်တော်ကြာ ကားရပ်ထားရသည်။ ကားများပိတ်နေသဖြင့် ဘတ်စ်ကားစီးခရီးသည်များမှာ ဓာတ်ငွေ့အနံ့၊ လူအနံ့ အနံ့မျိုးစုံ ရှူရှိက်နေရသည်။ စာရေးသူ၏ဘေးကားနံရံနှင့် ကပ်ထိုင်နေသော အသက်(၁၇)နှစ်အရွယ်ခန့်ရှိ မိန်းကလေးတစ်ဦးမှာ ခေါင်းမူးနေပုံရသည်။ မကြာမီထိုမိန်းကလေးသည် သူ၏အိတ်ထဲမှ လျက်ဆားပုလင်းကလေးကို ထုတ်၍ ပြတင်းပေါက်လက်တန်းပေါ်တွင် လျက်ဆားအနည်းငယ်ကို မှောက်ချလိုက်သည်။

စာရေးသူအံ့သြမိသည်မှာ ထိုမိန်းကလေးသည် ကားပြတင်းပေါက်လက်တန်းပေါ်ရှိ လျက်ဆားကို သူ၏လက်ညှိုးလေးဖြင့် တို့စားနေသည်။ စာရေးသူလည်း အလွန်ထိတ်လန့်သွားပြီး အိတ်ထဲရှိ တစ်သျှူးလေးကိုထုတ်၍ လျက်ဆားကို တစ်သျှူးပေါ်တွင်တင်၍ တို့စားရန်ပေးလိုက်သည်။ ထိုပြတင်းပေါက်လက်တန်းပေါ်တွင် လူပေါင်းစုံ၏ လက်ဖြင့်ကိုင်ထားသော မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးမွှားပေါင်းများစွာရှိနေကြောင်း ရှင်းလင်းပြလိုက်သည်။

ယခုအခါကျောင်းများတွင် ကျောင်းကျန်းမာရေးအဖွဲ့များ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းမုန့်ဆိုင်များ သန့်ရှင်းရေးအတွက် ပညာပေးဆောင်ရွက်လျက်ရှိသည်။

ရောဂါပိုးမွှားများသည် စင်ကြယ်စွာမဆေးသောလက်၊ မသန့်ရှင်းသောလက်များတွင် ပေါက်ပွား၍ အစားအသောက်များကို ကူးစက်ကာရောဂါမျိုးစုံ ခံစားရသည်။ တစ်ခါကအလှူတစ်ခုတွင် ညဘက် ကြက်သားဖတ်များကို နွှာရာတွင် မသန့်ရှင်းသောလက်မှတစ်ဆင့်ရရှိလာသော ရောဂါပိုးမွှားများကြောင့် နောက်နေ့မနက်ဘက်ထမင်းကျွေးရာတွင် ဧည့်သည်ပရိသတ်များစွာ အစာအဆိပ်သင့်၍ဆေးရုံသို့ ပို့လိုက်ရဖူးသည်။

ဇူလိုင် ၁၇ ရက်က အိန္ဒိယနိုင်ငံအရှေ့ပိုင်းဘီဟာပြည်နယ် ဆာရန်ဒေသ မက်ခရာခါကျေးရွာရှိ မူလတန်းကျောင်းမှ အသက်ရှစ်နှစ်မှ (၁၁)နှစ်အကြားရှိ ကလေးများသည် ကျောင်းမှချက်ပြုတ်ကျွေးမွေးသော ထမင်းနှင့်ပဲနီကလေးကို စားသောက်ပြီးနောက် အစာအဆိပ်သင့်မှုကို ခံစားကြရသည်။ ကလေး ၂၀ ထက်မနည်း သေဆုံးပြီး ၂၇ ဦးကိုဆေးရုံတွင် ကုသပေးလျက်ရှိသည်။ ထိုအစားအစာထဲတွင် စားနပ်ရိက္ခာတာရှည်ခံရန် အသုံးပြုသောမိုးစန်းဓာတ်များ တွေ့ရသည်ဟု သတင်းတွင်ဖော်ပြသည်ကို ဖတ်လိုက်ရသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ အသင်းဝင် ဒေါ်ရီလွင်ကျော်ဇောက စားသောက်ဆိုင်များတွင် အလွယ်တကူရယူသုံးစွဲနေကြသည့် တစ်ခါသုံးဝါးတူများသည် အသည်းကင်ဆာဖြစ်နိုင်သည့်အတွက် မသုံးစွဲသင့်ကြောင်း မတ်လ ၁၅ ရက်က ပြောကြားခဲ့သည်။ ဝါးတူထုတ်လုပ်ရာတွင် ဝါးများကိုမပေါင်းဘဲ အဆင်ပြေသလို အခြောသတ်သုံးကြသည်။ ငါးရက်လောက်ကြာလျှင် ဝါးတင်မှိုများဖြစ်လာသည်။ ထိုမှိုများမှာ မမြင်ရသဖြင့်စားမိလျှင် အသည်းကင်ဆာဖြစ်တတ်သည်။ စက်ရုံများတွင် တူများထုတ်လုပ်ရာတွင် အရောင်ဖြူသွားအောင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ဆေးရည်ဖြင့် ပြုတ်သဖြင့် တူများမှာ ဓာတုပစ္စည်းကပ်ငြိနေသည်။ အန္တရာယ်ကင်းအောင် စတီးတူ၊ သစ်သားတူများကို သုံးသင့်သည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းသည် ရပ်ကွက်များ၊ ကျောင်းများ၊ စက်ရုံများ၊ ဈေးများတွင် ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရန် ပညာပေးဆောင်ရွက်လျက်ရှိသည်။ မသန့်ရှင်းသောအစားအစာများ၊ ဆေးဆိုးထားသော အစားအစာများ၊ ပိုးသတ်ဆေးဖျန်းထားသောဟင်းသီးဟင်းရွက်များ၊ အမှည့်မြန်ရန်ဆေးထိုးထားသော အသီးအနှံများကို ရှောင်ရှားကြရမည်။ အစားအသောက်စားခါနီးတိုင်း လက်များကိုစင်ကြယ်အောင် ဆေးကြောသည့်အလေ့အကျင့်ကို စွဲမြဲအောင် ဆောင်ရွက်မည်ဆိုလျှင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာမည် ဖြစ်ပါသည်။

ရတနာ(ဓါးခယ်မ)

ဆောက်လုပ်ဆဲမော်ကျွန်း-ဘိုကလေး မြစ်ကူးတံတား ညအချိန်မီးများ ထွန်းပေးစေချင်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖိုးသာအေးကျေးရွာအနီးတွင် ဆောက်လုပ်လျက်ရှိသော မော်ကျွန်း-ဘိုကလေး မြစ်ကူးတံတားမှာ ယခုအခါရေလယ်တိုင်ငုတ်များ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ရာ မိုးတွင်းရေပြည့်ရေလျှံချိန်များတွင် ရေလယ်တိုင်ငုတ်များ ရေအောက်တွင် ငုပ်လျှိုးနေသောကြောင့် ရေကြောင်းအချက်ပြမီးများ ညအချိန်မြင်သာအောင် ထွန်းညှိထားခြင်းမရှိသဖြင့် ညခရီးခုတ်မောင်းကြသော မော်ကျွန်း-ရန်ကုန်နှင့် ရန်ကုန်-မော်ကျွန်းရေယာဉ်ကြီးများဘေးအန္တရာယ်ဖြစ်ဖွယ် ရှိနေသည်။

ယင်းမော်ကျွန်း-ရန်ကုန် ညနေထွက်ရေယာဉ်များ၊ မော်ကျွန်း-ရန်ကုန် ပုသိမ်သွားရပ်ပြေးရေယာဉ်နှင့် ရွှေစင်ကြယ်ရပ်ပြေးရေယာဉ်တို့မှာ မော်လမြိုင်ကျွန်းမြို့မှ ညနေ ၅နာရီခွဲနှင့် ၆နာရီတို့တွင် ရန်ကုန်မြို့သို့ အပြိုင်ထွက်ခွာခုတ်မောင်းလျက်ရှိရာ ဖိုးသာအေးကျေးရွာအနီး မော်ကျွန်း-ဘိုကလေး မြစ်ကူးတံတားအနီးသို့ ရေယာဉ်ရောက်ရှိချိန်သည် မှောင်စပျိုးနေပြီဖြစ်ရာ ရေအောက်တွင် ငုပ်လျှိုးနေသော ရေလယ်တိုင်ငုတ်များအား တိုက်မိပါက ရေယာဉ်များ အန္တရာယ်ရှိမည့်အပြင် ခရီးသွားပြည်သူများပါ အသက်ဆုံးရှုံးနိုင်ပေသည်။

အဆိုပါ မော်ကျွန်း-ရန်ကုန်၊ ရန်ကုန်-မော်ကျွန်းသို့ ညအချိန်ခုတ်မောင်းသော ရေယာဉ်များ ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေးအတွက် ဖိုးသာအေးကျေးရွာအနီး ဆောက်လုပ်နေသော မော်ကျွန်း-ဘိုကလေး မြစ်ကူးတံတားတွင် ညအချိန် အချက်ပြမီးများအား မြင်သာအောင် ထွန်းပေးစေလိုကြောင်း သိရသည်။ **(မော်ကျွန်းမြင့်အောင်)**

မြန်မာ့အငြိမ့်သဘင်လောက၏ လေးစားအတုယူဖွယ် ဣန္ဒြေရှင်အငြိမ့်မင်းသမီး လေဘာတီမမြရင်

မေစန္ဒာ

စစ်ကြိုခေတ် ဓာတ်ပြားလောက၌ တစ်ခေတ်တွင် ကစ်ယောက်ဟုဆိုရလောက်အောင် အောင်မြင်ကျော်ကြားခဲ့သူတစ်ဦးမှာ ခေတ်ဟောင်းအဆိုတော် လေဘာတ် မမြရင်ဖြစ်ပါသည်။ မမြရင်က အနှစ်သာရပြည့်ဝသည့် သီချင်းများကို သီဆိုခဲ့ရုံသာမက အောင်မြင်သော အငြိမ့်မင်းသမီးတစ်ဦးလည်းဖြစ်သည်အတွက် မမြရင်ကို အသံမင်းသမီးဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

မမြရင်ကို ဖခင်မင်းသား ဦးဘိုးသစ်၊ မိခင် မင်းသမီး ဒေါ်ဉာဏ်ယုံတို့က မိတ္ထီလာခရိုင် သာစည်မြို့အနောက်ဘက် ရှစ်မိုင်ခန့်အကွာရှိ ရွှေဖလားကန်ရွာ၌ မွေးဖွားခဲ့သဖြင့် သဘင်မျိုးရိုးရှိသူတစ်ဦးဟု ဆိုနိုင်ပါသည်။ မမြရင်၏ လက်ဦးဆရာမှာ မြန်မာ့ဂီတလောက၏ အကျော်အမော် နန်းတော်ရှေ့ဆရာတင်ဖြစ်ပါသည်။ ပါရမီရှင် မမြရင်ကို နန်းတော်ရှေ့ဆရာတင်က ရွှေဖလားကန်မှ မန္တလေးသို့ ခေါ်လာကာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး အငြိမ့်မင်းသမီး မြခြေကျင်းမငွေမြိုင်ထံမှ အဆိုအက ပညာရပ်များကို သင်ယူခဲ့သည်။ မမြရင် အသက်(၁၅)နှစ်အရွယ်မှစ၍ အငြိမ့်လောကတွင်း စတင်ဝင်ရောက်ကာ ကပြနိုင်ခဲ့သည်။ မမြရင်နှင့် ခေတ်ပြိုင်အငြိမ့်ပညာရှင်များမှာ ဥက္ကလာအေးကြည်၊ ဒဂုံခင်လှကြည်၊ ဩဘာသောင်း၊ ယူနီဗာစိတီ မြသန်းကြည်တို့ ဖြစ်ပါသည်။

ထိုသို့အငြိမ့်ကရင်း ဇာတိသို့ လွမ်းဆွတ်နေသည့် မမြရင်အား ဇာတိမြေကို မမေ့သည့် အကြောင်းရေးဖွဲ့ထားသည့် "ရွှေပြည်စိုး" သီချင်းကို နန်းတော်ရှေ့ဆရာတင်က ရေးစပ်ပေးခဲ့သည်။ ထိုသီချင်းသည် နန်းတော်ရှေ့ဆရာတင်က မမြရင်ကို ပထမဆုံးရေးစပ်ပေးခဲ့သည့် သီချင်းဖြစ်သည်။ မမြရင်သီဆိုခဲ့သောသီချင်းများအနက် ထင်ပေါ်ကျော်ကြားခဲ့သောတေးသွားမှန်သမျှ နန်းတော်ရှေ့ဆရာတင်၏လက်ရာဖြစ်သည်က များသည်။

ဇာတိမြေသို့ ခေတ္တပြန်သွားပြီး မန္တလေးသို့ပြန်ရောက်လာသောအခါ မမြရင်က ဆရာမောင်၏ အငြိမ့်တွင် ခေါင်းဆောင်မင်းသမီးဖြစ်လာခဲ့ပြီး မမြရင်နှင့် လက်တွဲဖော် လူရွှင်တော်များမှာ လူရွှင်တော် ဓာတ်ဆီ၊ ဦးဓာတ်ခိုး၊ ဦးညှက်ကြီး၊ ဦးဒန်ပေါက်၊ ဦးသခ်ါတို့ ဖြစ်ကြသည်။ မမြရင်သည် အငြိမ့်ကပြရာတွင် ဣန္ဒြေကြီးလှသူတစ်ဦးဖြစ်သည်။ ရိုင်းစိုင်းသော ပြက်လုံးများပါလာလျှင်လည်း ချက်ချင်းကန့်ကွက်တတ်သူတစ်ဦးဖြစ်သည်။ မမြရင် အငြိမ့်ကပြလျက်ရှိပြီး အသက်(၁၇)နှစ်အရွယ် ၁၉၂၂ ခုနှစ်တွင် ကျောင်းသားများက လေဘာတီဘွဲ့ပေးလိုက်သဖြင့် လေဘာတီမမြရင်ဖြစ်လာခဲ့သည်။

လေဘာတီမမြရင်သည် အသက်ငယ်ငယ်နှင့်ချောမောလှပသူတစ်ဦးဖြစ်သည့်အတွက် သူ၏အငြိမ့်ပွဲတိုင်းတွင် ကာလသားများ ဝိုင်းဝိုင်းလည်နေတတ်သည်။ ထိုခေတ်ထိုအခါက မမြရင်၏ အောင်မြင်ကျော်ကြားပုံနှင့် ပရိသတ်များ နှစ်သက်ပုံမှာ ကြောက်ခမန်းလိလိပင်။ မမြရင် မန္တလေး၌ အငြိမ့်ကနေစဉ် ပွဲပြီးလျှင် လူမျိုးခြားသူဌေးတစ်ဦးက မမြရင်အား မေမြို့(ပြင်ဦးလွင်)သို့ ကားနှင့်ခေါ်သွားမည်အစီအစဉ်ရှိသည်ဟူသော သတင်းထွက်လာသည်။ ထိုသတင်းကို ကာလသားတစ်သိုက်ကြားသိသွားသောအခါ လူစုပြီး ရန်မူရန် စောင့်ဆိုင်းနေကြသည်။ ပွဲပြီးသော်သူဌေးသားက မမြရင်နှင့် မိခင်ဖြစ်သူတို့ကို ကားနှင့်တင်ခေါ်လာသည်ကို မြင်သောကာလသားများက ပုလင်းနှင့်လှမ်းပေါက်ရာ သူဌေးသားကို မမှန်ဘဲ ဓာတ်တိုင်ကိုမှန်ကာ လွင့်စဉ်လာသော ပုလင်းကွဲက မမြရင်၏ပါးကိုထိမှန်ကာ အမာရွတ်လေး ကျန်ခဲ့ရသည်။ ထိုအကြောင်းအရာကို အရင်းခံ၍ ရေးစပ်သီကုံးထားသော မြစပယ်ရှင်သီချင်းကို မမြရင် အငြိမ့်ကသည့်အခါ သီဆိုကပြခဲ့ရာ ကြားရသူတိုင်း ကရုဏာသက်ကာ ရင်နင့်ခဲ့ကြသည်။

လေဘာတီမမြရင်ကို ဝိုင်းဝန်းပိုးပန်းကြသည့်ကာလသားများတွင် သူဌေးမန်းညွန့်ဦးမောင်ကလေးလည်းအပါအဝင်ဖြစ်သည်။ ၎င်းသည် မမြရင်အငြိမ့်ကနေသည်ကို မနာလိုဖြစ်လွန်းသည်ကို နန်းတော်ရှေ့ဆရာတင်ကြားသိသောအခါ "ဦးသဝန်ကြောင်"သီချင်းကို ရေးစပ်ပေးခဲ့သည်။

မမြရင် အသက်(၃၅)နှစ်အရွယ်တွင် ရှမ်းပြည်နယ်သို့ ပွဲကသွားရာ ငှက်ဖျားမိပြီး လက်ခံထားသောပွဲများဖျက်လိုက်ရသဖြင့် မမြရင်ကွယ်လွန်ပြီဟူသော သတင်းများ ထွက်ပေါ်ခဲ့ရာ ကျန်းမာ၍ ပွဲပြန်ကသောအခါ နန်းတော်ရှေ့ဆရာတင်က "သေနိုင်ပါ့မလား လေဘာတီရယ်၊ ပေကရာဆိုလျှောက်ပါလို့ မြင်သလောက်ပြလိုက်ချင်ပါသည် အခြေလည်းတိုးတယ်၊ အနေလည်းတိုးတယ်၊ မသေဘဲကိုးကွယ် မျှော်တော်မူကြသည် သြော် မမုန်းနဲ့နော် ကျွန်မအတည်ရပ်တော်တော်လှပါသည်၊ တုံးကျော်မ လေဘာတီ"ဟူသော တုံးကျော်မ သီချင်းကို ရေးစပ်ပေးခဲ့ရာ ယင်းသီချင်းသည် မမြရင်၏ လူကြိုက်အများဆုံး သီချင်းတစ်ပုဒ်ဖြစ်လာခဲ့သည်။

လေဘာတ်မမြရင်သည် အငြိမ့်လောက၌သာမကဘဲ ဓာတ်ပြားလောကတွင်လည်းအောင်မြင်ခဲ့သူတစ်ဦးဖြစ်သည်။ မမြရင်သီဆိုဓာတ်ပြားသွင်းခဲ့သော နာမည်ကျော်သီချင်းများမှာ မွန်းလိုက်ဂလိုရီ၊ ပဒုမ္မာရွှေကြာ၊ ခင့်သဘော၊ မောင်မောင့်ရွှေကျေး၊ ယင်သလိုနေ၊ အိုကော၊ စိတ်တခုရပ်ကိုးဆယ်၊ ဥစ္စာရင်းမှန်ပြန်၊ သော့တွဲ စသည်တို့ဖြစ်ပြီး မမြရင်သီဆိုခဲ့သည့် နာမည်ကျော်သီချင်းများမှာ ရွှေပြည်စိုး၊ ဝိသာခါ၊ အလှူ့ရှင်၊ ငှက်မောင်နှံ၊ ဖွားဖက်တော်၊ စစ်ကိုင်းတောင်၊ မောင့်အချစ်ဘောလယ်၊ ပုထုဇဉ်၊ ဇီဇာကြောင်၊ မယ်မဒီ၊ သခင်မ၊ မဇာရွှေလီ၊ ရွှေဂျိုးကူသံ၊ ကိုယ့်မင်းကိုယ့်ချင်း စသည် သီချင်းများဖြစ်ကြသည်။

ဤသို့ ထိုခေတ်ထိုအခါက လူတိုင်းချစ်ခင်မြတ်နိုးရသည့် ဣန္ဒြေရှင် မင်းသမီးလေဘာတီမမြရင်သည် ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးရင်း ငှက်ဖျားရောဂါဖြင့် အသက်(၄၂)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ လူတိုင်းချစ်ခင်မြတ်နိုးပြီး ဣန္ဒြေသိက္ခာအရာတွင် အတုယူလေးစားလောက်သည့် မြန်မာ့အငြိမ့်သဘင်လောကနှင့် ဓာတ်ပြားလောက၏ ဘယ်သောအခါမှ မမေ့နိုင်မည့် အငြိမ့်မင်းသမီးနှင့် တေးသံရှင် လေဘာတ်မမြရင်အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ဦးအောင်ကိုလတ်နှင့် ဒေါ်ဆွေဇင်ထိုက် တက်ရောက်မည်

ရန်ကုန် စက်တင်ဘာ ၁၆

အောက်တိုဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ဒါရိုက်တာ ဦးအောင်ကိုလတ်နှင့် ဒေါ်ဆွေဇင်ထိုက်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီလက မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံရုပ်ရှင်ပြပွဲတွင် မြန်မာနိုင်ငံမှ "ကယန်း အလှ" ဇာတ်ကားဖြင့် ဆုရရှိခဲ့သည့် ၎င်းတို့နှစ်ဦးအား အဆိုပါရုပ်ရှင်ပွဲတော်မှ တက်ရောက်ရန်ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
National Development Co., Group Ltd.
(Public Company)
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်ကြေညာခြင်း

၁။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု၏ တစ်ဆယ့်ငါးကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပါရန်ကြေညာအပ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ - ၂၈-၉-၂၀၁၃(စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက်(၉:၀၀)နာရီ
ကျင်းပပြုလုပ်မည့်နေရာ - NDCG (ရုံးချုပ်)
အမှတ်(၃/က)ဝေဇယန္တာလမ်း၊
နှင့်သံသုမာလမ်းထောင့်၊သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်။

၂။ အစုရှယ်ယာလွှဲပြောင်းမှု၊ မှတ်ပုံတင်ခြင်းများအပါအဝင် အစုရှင်များမှတ်တမ်းကို (၁.၉.၂၀၁၃)နေ့မှစ၍အစည်းအဝေးကျင်းပပြုလုပ်သည့်နေ့၏နောက်တစ်နေ့အထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ ဖိတ်ကြားစာများအချိန်မီ မရောက်ရှိပါက ဤကြေညာချက်အားဖိတ်ကြားစာအဖြစ်မှတ်ယူ၍တက်ရောက်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ဖုန်း-၅၆၀၄၅၀၊ ၅၆၀၄၈၆။

လူပျောက်ကြော်ငြာ

ကျွန်တော်၏ တရားဝင်ဇနီးဖြစ်သူ မအေးမြင့်မြ[၁၂/မဂဒ(နိုင်)၁၂၈၀၄၄] သည် ၁၁-၉-၂၀၁၃ရက် ညတွင် ရွှေ၊ ငွေကျပ်သိန်း ၁၀၀ ခန့် ယူဆောင်၍ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ထိရောက်စွာအရေးယူမည်။

မျိုးမောင်မောင်ဆွေ
ဖုန်း-၀၉-၄၃၀၈၃၂၇၂၊
၀၉-၂၅၀၀၅၈၇၁၆

အများသိစေရန်အသိပေးကြေညာခြင်း

တျနိုင်၏အမှုသည်ဒေါ်တင်တင်[၉/မရမ(နိုင်)၀၄၅၉၇၃]၊ အမှတ်(၁၇၁)၊ လမ်း(၃၀)၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ်(၁၀/က)၊ အိမ်အမှတ်(၂၄၆/၂)ရှိ မြေဧရိယာ(၀. ၅၃၁)ဧကနှင့် ဦးပိုင်အမှတ်(၁၀/ခ)၊ အိမ်အမှတ်(၂၄၆)၊ မြေဧရိယာ(၀. ၆၇၉)ဧကရှိ မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင် တစ်ဦးတည်းမှသာ ပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေတွက်နှစ်တွက်နှင့် ယင်းမြေတွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သတ်၍ ကျနိုင်၏အမှုသည် ဒေါ်တင်တင် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်တင်တင်[၉/မရမ(နိုင်)၀၄၅၉၇၃]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းတိုက်ဇော်(စဉ်-၃၂၅၇၄)
အထက်တန်းရှေ့နေ
အမှတ်(၃၁)၊ ၂၅လမ်း၊ ၆၄×၆၅လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၆၅၉၆

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
Contact Us ...
YGN 09-31051295, 09-43064181
09-73138079
MDY 09-31406813, 09-91050973

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို သတိပေးကြေငြာချက်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ရွှေဂုဏ်သူ အဆင့်မြင့်အိမ်ရာ အေ-၁၊ အခန်းအမှတ်(၁၁၀၈)တွင် နေထိုင်သူ ဦးထွန်းမြင့်ဦး (၁၂/ပဇတ(နိုင်) ၀၀၈၅၇၈)သည် **ဒိတ်ဒိတ်ကြဲ** အမည်ဖြင့်၊ **ကြက်သွန်အဖြူကြော်၊ ကြက်သွန်အနီကြော်၊ လက်ဖက်၊ နှစ်ပြန်ကြော်နှင့် အကြော်စုံ အမျိုးမျိုးတို့**ကို ထုတ်လုပ်ဖြန့်ချိရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၄/၉၀၃၄/၂၀၁၃)အရ မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။

အထက်အမည်ပါ စာတမ်းကို စာလုံးအရောင်၊ အရွယ်၊ ပုံစံမျိုးစုံတို့ဖြင့် ရိုက်နှိပ်ထားသော အိတ်မျိုးစုံ၊ ဘူးမျိုးစုံနှင့် ထုပ်ပိုးပစ္စည်းမျိုးစုံတို့တွင် ကြက်သွန်အဖြူကြော်၊ ကြက်သွန်အနီကြော်၊ လက်ဖက်၊ နှစ်ပြန်ကြော်နှင့် အကြော်စုံအမျိုးမျိုးတို့ကို ထည့်သွင်းရောင်းချခြင်း၊ ကြော်ငြာများ၊ စတစ်ကာများ၊ ငွေလက်ခံဖြတ်ပိုင်း စာအုပ်များနှင့် တံဆိပ်တုံးများတွင် ရိုက်နှိပ် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့်သော်လည်းကောင်း၊ တုပဆင်တူ ယိုးမှားပြုခြင်းဖြင့်သော်လည်းကောင်း ဦးထွန်းမြင့်ဦး၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက်နစ်နာစေရန် ပြုလုပ်သူများရှိလာခဲ့ပါက၊ ၎င်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ညွန့် B.A.,H.G.P.,R.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၈)
တိုက်(၁၁)၊ အခန်း(၁၅)၊ စံပြ ဖ.ဆ.ပ.လ။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
Ph : 01-387651, 09 73125382

အားကစား

မန်ချက်စတာဟာ အတိတ်မှာကျန်ရစ်ခဲ့ပါပြီ အခုတော့ မက်ဒရစ်မှ မက်ဒရစ်ပါပဲဆိုတဲ့ စီရိုနယ်လ်ဒို

ပြီးခဲ့တဲ့ရာသီက အဆင်မပြေမှုတွေရှိခဲ့လို့ မန်ချက်စတာမြို့မှာအခြေစိုက်တဲ့ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဆီသို့ တစ်ကျော့ပြန်ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့သူ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုဟာ ယခုတော့သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်လို့ ၂၀၁၈ ခုနှစ်အထိ ဆန်တီယေဂိုဘာနေဗျူးမှာ ဆက်ရှိနေမှာဖြစ်ပါတယ်။

ရီယယ်လ်မက်ဒရစ်အသင်း တာဝန်ရှိသူများအနေနဲ့ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလမှာ ပရီမီယာလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းမှာကစားနေတဲ့ ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့ပြီးချိန်ကစပြီး ရီးယဲလ်မက်ဒရစ်အတွက် အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်စွမ်းရှိတဲ့ ပေါ်တူဂီကြယ်ပွင့်စီရိုနယ်လ်ဒိုကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်ခဲ့ပါတယ်။

အဲဒီလို စီစဉ်ခဲ့ရခြင်းဟာလည်း စီရိုနယ်လ်ဒိုဟာ ၂၀၀၉ ခုနှစ်က မန်ယူအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၉၄ သန်းနဲ့ ပြောင်းရွှေ့လာတဲ့အချိန်ကတည်းက ရီးယဲလ်မက်ဒရစ်အသင်း နဲ့အတူ ပွဲပေါင်း ၂၀၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၃ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ အခုလို စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးချိန်မှာတော့ ဆန်တီယေဂိုဘာနေဗျူးကို မစွန့်ခွာတော့ပါဘူးလို့ တောင်ပံကစားသမား စီရိုနယ်လ်ဒိုက လူသိရှင်ကြား ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ တစ်ချိန်က မန်ချက်စတာမြို့မှာ ခြောက်နှစ်ကြာကျင်လည်ခဲ့တယ်ဆိုတာ လူတိုင်းသိပါတယ်။ မန်ချက်စတာကို မေ့ထားတာတော့မဟုတ်ပါဘူး။ လက်ရှိအခြေအနေအရ မန်ချက်စတာဆိုတာဟာ အတိတ်မှာကျန်ခဲ့ပါပြီ။ အခုတော့ မက်ဒရစ်မှ မက်ဒရစ်ဖြစ်နေပါပြီ။ မက်ဒရစ်ကသာ ကျွန်တော့်ရဲ့အိမ်ပါ။ ကျွန်တော့်မိသားစုကလည်း မက်ဒရစ်မှာပါပဲ။ အမှန်တိုင်းပြောရမယ်ဆိုရင် မက်ဒရစ်မှာ ပျော်ရွှင်မှုရနေပါတယ်။ မက်ဒရစ်မှာပဲ ဆက်ကစားမှာပါ။ နောက်ဆုံးအနေနဲ့ပြောရရင် ကျွန်တော့်ရဲ့ ကစားသမားဘဝကုန်ဆုံးတဲ့အထိ မက်ဒရစ်မှာပဲ ဆက်ကစားဖို့ ရှိပါတယ်" ဟုပင် ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်လ်ဒိုက သတင်းထောက်များကို ပြောကြားခဲ့ပါတယ်။

အခုလို တောင်ပံကစားသမား စီရိုနယ်လ်ဒိုအနေနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးတဲ့အချိန်မှာတော့ စပိန်ဘောလုံးလောကမှာ ဂါရတ်ဘေးလ်ထက် ဝင်ငွေနှစ်ဆနီးပါးပိုမိုရရှိမယ့် ကစားသမား ဖြစ်လာပြီဖြစ်ပါတယ်။ ဂါရတ်ဘေးလ်ကို ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ပေါင် ၈၆ သန်းပေးကာ ခေါ်ယူခဲ့သော်လည်း ဂါရတ်ဘေးလ်ရဲ့ တစ်နှစ်လုပ်ခ ပေါင် ၈ ဒသမ ၃ သန်းရရှိနေချိန်မှာ စီရိုနယ်လ်ဒိုကတော့ တစ်ပတ်လုပ်ခလစာ ပေါင် ၂၈၈၀၀၀ နဲ့ တစ်နှစ်မှာ ပေါင် ၁၅ သန်း ရရှိလာမှာလည်းဖြစ်တယ်။

အသက်(၂၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီရိုနယ်လ်ဒိုအနေနဲ့ အခုအချိန်အထိ ရီးယဲလ်မက်ဒရစ် အသင်းအတွက် သွင်းယူပေးထားခဲ့တဲ့ သွင်းဂိုးတွေကို မေ့ထားပြီး ဆန်တီယေဂိုဘာနေဗျူးမှာ ဆက်ရှိနေမယ့် နောက်လေးငါးနှစ်အတွင်း သွင်းဂိုး ၂၀၀ အထိ သွင်းယူပေးနိုင်ဖို့လည်း ပစ်မှတ်ထားလျက်ရှိပါတယ်။ စီရိုနယ်လ်ဒိုကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ပြီးခဲ့တဲ့ဘောလုံးရာသီကုန်ကတည်းက သဘောတူညီမှု ရရှိခဲ့ပေမယ့် စက်တင်ဘာ ၁၅ ရက်နေ့ရောက်မှသာ စာချုပ်သစ်ချုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် လာလီဂါတွင် အသားတင်လုပ်ခလစာ ယူရို ၁၇ သန်းနဲ့ ဈေးအများဆုံးကစားသမားတစ်ယောက်ဖြစ်လာခဲ့ပါပြီ။

ငွေကြယ်

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကစားရန် ဘိုင်ယန်နောက်တန်းကစားသမား ဘိုတန်မျှော်လင့်

အသက်(၂၅)နှစ်အရွယ်ရှိ ဘိုင်ယန်မြူးနစ် နောက်တန်းကစားသမား ဘိုတန်သည် လက်ရှိအချိန်ထိ နည်းပြသစ်ပက်ဂွါဒီယိုလာ၏ လက်အောက်တွင် ပွဲထွက်ကစားခွင့် အပြည့်အဝမရခဲ့သေးကြောင်း ဝန်ခံကာ စက်တင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားမည် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းမွန်ဆုံးကစားရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နည်းပြဂွါဒီယိုလာ ရောက်လာချိန်မှစ၍ အရန်ခုံ၌သာ အချိန်ကုန်ဆုံးစေခဲ့ခြင်းနှင့် ပတ်သက်၍လည်း ဘိုင်ယန်မြူးနစ်အားကစားဒါရိုက်တာ မက်သီယက်စ်ဆမ်မာ၏ ဝေဖန်မှုကိုလည်း နားလည်လက်ခံပေးပါကြောင်း ဘိုတန်က ဆိုသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် နိုင်ပွဲလေးပွဲရရှိထားပြီး ချန်ပီယံလိဂ်သရေဖက် ကာကွယ်ရန် စက်တင်ဘာ ၁၇ ရက်တွင် ရုရှားကလပ် စီအက်စ်ကေအေမော်စကိုအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းနေ့ပွဲစဉ်တွင် အကောင်းဆုံးဝင်ကစားရန် ဘိုတန်အနေဖြင့် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၄ ကမ္ဘာ့ဖလားလွန်အထိ အင်္ဂလန်အသင်းအတွက် ဂျာရတ်ကစားမည်ဟုဆို

အင်္ဂလန်ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဝါက နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိမ့်မည်ဟု ဖော်ပြခဲ့သော်လည်း ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးသည်နောက်ပိုင်းအထိ အင်္ဂလန်အသင်းတွင် ပါဝင်ကစားလိမ့်မည်ဟုယုံကြည်ထားကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

၂၀၀၀ ခုနှစ်မှစတင်ကာ အင်္ဂလန်အသင်းတွင် ပါဝင်ကစားပေးခဲ့ချိန်မှစ၍ ၁၀၅ ပွဲဝင်ကစားဝေး ခဲ့သည့် ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြီးပါက နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူမည်ဆိုခဲ့သော်လည်း စတီဗင်ဂျာရတ်၏ အစီအစဉ်ကို နည်းပြရွိုင်ဟော့ဂ်ဆန်က ငြင်းဆိုခဲ့သည်။

ထို့အပြင် စတီဗင်ဂျာရတ်နှင့်အတူ အက်ရှ်လေကိုးလ်နှင့် ဖရန့်လမ်းပတ်တို့လည်း အင်္ဂလန်အသင်းတွင် ဆက်ကစားရန် မျှော်လင့်ထားကြောင်း ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

WINNER Trading Co.,Ltd. မှ ဦးစီးကျင်းပသော
TAUNGGYI Exhibition & Car Expo'
တောင်ကြီးမြို့(မြို့တော်ခန်းမ)
(၂၅-၉-၂၀၁၃)မှ(၂၉-၉-၂၀၁၃)
Bacchus ENERGY DRINK
Sponsor By
Future Auto Car Sales Centre & Office
CROWN MYANMAR CO., LTD. Car Show
A Living Square
09-49252518
09-250058306
09-5173076

ရွှေတိုးဝေဉီ AIR-CON EXPRESS အဆင့်မြင့်ဟိုတယ်တည်း 50% DISCOUNT
အဆင့်မြင့်ဟိုတယ် (၂)ညတာတည်း၊ ဘုရားဖူးဆိုင်မှာကျွေး
ဘားအောင်မင်းခေါင်ထွက်ပွဲ၊ ပုဂံ-ပုပ္ပါး(ရွှယ်တော်လေးဆူ)
ကျိုက်ထီးရိုး (ဒေ့ခရီး)
373275, 708342, 0949219404

သန်းဓမ္မနှင့်ခရောင်းရင်းများမှ အဘအောင်မင်းခေါင်ထွက်ပွဲသို့
- အဘထွက်ပွဲ - ပုပ္ပါး(၃)ရက်၊
- အဘထွက်ပွဲ - ပုဂံ၊ညောင်ဦး(၄)ရက်၊
- အဘထွက်ပွဲ - တောင်ကြီး၊အင်းလေး(၅)ရက်၊
- အဘထွက်ပွဲ - မန္တလေး၊ပြင်ဦးလွင်(၅)ရက်၊
- ဓါင်းတည်ရွှေတော်ပွဲ(၁၇-၉-၂၀၁၃)ထွက်မည် 0943043109
၁၉-၉-၂၀၁၃ ထွက်မည်။
ကျိုက်ထီးရိုး
ရွှေနီ-နေပြည်တော်
Ph : 241863 ,381141, 0973251422

UMFCCI Training Institute
UMFCCI Office Tower,No-29,Min-ye-kyaw-zwar Road, Lanmadaw Township, Yangon
Tel:(01)214344~214349,217480 Fax:(01)214484
သင်တန်းသစ်များအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ Office Management Course Batch-13 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 8:00am-10:00am (Sat & Sun)] — သင်တန်းကာလ -(၃)လ
၂။ Human Resource Management Course Batch-7 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 10:30am-12:30pm (Sat & Sun)] — သင်တန်းကာလ -(၂)လခွဲ
၃။ Financial Management Course Batch-7 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 10:30am-12:30pm (Sat & Sun)] — သင်တန်းကာလ -(၂)လခွဲ
၄။ Business English Course Batch-11 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 9:00am-12:00noon (Sat & Sun)] — သင်တန်းကာလ -(၂)လခွဲ
၅။ Sales and Marketing Course Batch-6 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 9:00am-12:00noon (Sat & Sun)] — သင်တန်းကာလ -(၂)လခွဲ
၆။ Pratical Approach to International Trade Course Batch-11 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 9:00am-12:30pm (Mon, Wed & Fri)] — သင်တန်းကာလ -(၁)လခွဲ
၇။ Systematic Distribution & Management Course Batch-8 — သင်တန်းကြေး -ကျပ် ၄၀၀၀၀/-
[သင်တန်းချိန် -- 1:00pm-3:00pm (Sat & Sun)] — သင်တန်းကာလ -(၂)လခွဲ
၈။ MYOB II Computerized Accounting Course Batch-4 — သင်တန်းကြေး -ကျပ် ၂၅၀၀၀/-
[သင်တန်းချိန် -- 9:00am-12:00noon (Sat & Sun)] — သင်တန်းကာလ -(၂)လ
၉။ MYOB III Computerized Accounting Course Batch-4 — သင်တန်းကြေး -ကျပ် ၃၀၀၀၀/-
[သင်တန်းချိန် -- 1:00pm-4:00pm (Sat & Sun)] — သင်တန်းကာလ -(၂)လ
၁၀။(က) Basic Japanese Language Course [သင်တန်းချိန်-12:30pm-2:00pm,(Sat&Sun)] သင်တန်းကြေး -ကျပ် ၃၀၀၀၀/-
(ခ) Business Japanese Language Course [သင်တန်းချိန်-2:30pm -4:00pm(Sat&Sun)] သင်တန်းကာလ -(၂)လခွဲ
၁၁။ Internal Control & Internal Audit Training Course — သင်တန်းကြေး -ကျပ် ၂၀၀၀၀/-
[သင်တန်းချိန် -- 8:30am-10:00am (Saturday Only)] — သင်တန်းကာလ -(၁)လခွဲ

Car Rental
09-73211079
09-49250637
09-420073607

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ မြေကွက်အမှတ်(၁၆၃၀/၁၆၃၃)၊ မြေကွက် တည်နေရာအမှတ်(၁၇)၊ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်(ဒေါ်သောင်း၊ဒေါ်စောဟန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်စောဟန်၊ ဖခင်ဦးလဆန်တို့ကိုယ်စားလှယ်သမြင် ဦးတင်ဝင်း[၁၂/ဗဟန(နိုင်)၀၀၀၀၂၆]၊ဦးစိုးမြင့်[၁၂/ဗဟန(နိုင်)၀၇၈၀၆၈]၊ဦးတင်ထွန်း[၁၂/ဗဟန(နိုင်)၀၀၀၀၂၇]၊ဒေါ်သန်းသန်းအေး[၁၂/ဗဟန(နိုင်)၀၅၈၈၁၅]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ ပးတဲ့ပင်ရင် ဒေါ်သောင်းထံမှ အထွေထွေကိုယ်စားလှယ်စာအမှတ်-၆၄၉၉/၂၆-၄-၂၀၁၃ရရှိသူ ဦးဝင်းသိန်း[၁၂/ကမန(နိုင်)၀၄၀၂၉၂]နှင့်ပူးတွဲလျက် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာ ရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၁-၉-၂၀၁၃ရက် ကြေးမုံသတင်းစာပါ ထရားလွှတ်တော်ရှေ့နေများ ဦးလှရွှေ၊ ဦးစိုးကြည်နှင့် အထက်တန်းရှေ့နေ ဦးမောင်မောင်၊ ဒေါ်အိလတ်ဖြိုးတို့၏မိတ်ဆွေ ဒေါ်ခင်ခင်မြင့်၏ တုံ့ပြန်ရှင်းလင်းကြေညာခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းခြင်း

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့်နှင့် ဦးအောင်ခင်တို့သည် ကျောက်တံတားမြို့နယ်၊ ၃၉-လမ်း၊ အမှတ်(၁၈၈)၊ (၄)လွှာအခန်းကို ၁၉၉၀ ခုနှစ်ကတည်းက ဖခင်မြစ်သူ ဦးမြသင်းက နေထိုင်ရန် ဆောင်ရွက်ပေးခဲ့၍ ယနေ့တိုင် နေထိုင်လျက်ရှိပါသည်။ ၁၅-၉-၂၀၁၃ ရက်တွင် ဖယ်ရှားရန် အကြောင်းမရှိပါ။

၂။ မြစ်နှာဆေးခန်းကို ဒေါ်အေးအေးမြင့်အမည်ဖြင့် အဒေါ် ဒေါ်မြစ်နှမ တရားဝင်လွှဲအပ်၍ အမည်ပေါက် (အခန်းပိုင်)ဖြစ်အောင် ဒေါ်အေးအေးမြင့်အမည်ဖြင့် ဆောင်ရွက်ပေးထားပါသည်။

၃။ "မြေရှင်အနေဖြင့် အထက်ပါမြစ်နှာဆေးခန်း၏ အခန်းလခကို မြေရှင်ဖြစ်သူ ဒေါ်ခင်မမထံတွင် မူလကတည်းက ဒေါ်အေးအေးမြင့်အမည်ဖြင့် အခန်းလခကောက်ခံခဲ့ပါသည်။ မြေရှင် ဒေါ်ခင်မမ ကလည်း ဒေါ်အေးအေးမြင့်အား အခန်းဝင်ရှင်အဖြစ် အသိအမှတ်ပြုထားပြီး ဒေါ်ခင်ခင်မြင့်က အမည်ပြောင်းလဲရန် ပြောကြားမှုကို လက်ခံခြင်းမပြုကြောင်း အခန်းပိုင်ရှင် ဒေါ်အေးအေးမြင့်အား ခေါ်ယူပြောကြားဖူး ဖြစ်ပါသည်။"

၄။ ရွှေဘုံသာလမ်းရှိ နံရံကပ်ဆိုင်ခန်းမှာ လွန်ခဲ့သော ၁၉၇၇-၇၈ကတည်းက ဒေါ်အေးအေးမြင့် ၏ ဖခင် ဦးမြသင်းက သမီးနှင့်သားမက် အလုပ်လုပ်ကိုင်စားသောက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါသည်။ ယင်းဆိုင်ခန်းဖွင့်ခဲ့သည်မှာ (၃၅)နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ရှိုင်းဆောက်လုပ်ရေးကမ္ပဏီက အလဲ လုပ်ကိုင်စားသောက်သူ ဦးအောင်ခင်အား ပြောင်းရွှေ့စရိတ်ငွေကျပ် ၂၄ သိန်း(တစ်လတစ်သိန်းနှင့် ၂ နှစ်စာ) ပေးအပ်ခြင်း ဖြစ်ပါသည်။

၅။ ၁၁-၉-၂၀၁၃ ရက်စွဲပါ ကြေညာချက်မှာ လွန်စွာမှလွဲမှားနေပြီး လိုရာကို ထည့်သွင်းဖော်ပြရေးသားကြေညာထားကြောင်း ပေါ်ပေါက်နေပါသည်။ ဥပဒေနှင့်ညီညွတ်မှုမရှိပါ။

အထက်ပါ ၁၁-၉-၂၀၁၃ ရက်စွဲပါ ကြေညာချက်အပေါ် အခြေပြုပြီး တရားတဘောင်စွဲဆိုလာပါက ကျွန်ုပ်မိတ်ဆွေများဘက်က ဥပဒေနှင့်အညီ မြေရှင်းရင်ဆိုင်ရန် အဆင်သင့်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးအောင်ခင်၊ ဒေါ်အေးအေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဖြိုး(သုံးခွ)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၈၂)
၇၉၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။

မော်တော်ယာဉ်ချောက်ထဲကျ၍ ကိုးဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ တာချီလိတ်မြို့နယ်သို့ အလုပ်လုပ်ရန်ထွက်လာသော မလှိုင်မြို့နယ် ဆည်တိုရွာနေ ဦးကြည်ဝင်း (၅၄)နှစ် မောင်းနှင်လာသည့် ၇က/. . . လိုက်ထရပ်ယာဉ်သည် စက်တင်ဘာ ၁၄ ရက်က ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် (၅၉/၆၀) ကြား မိုင်းဖြတ်မြို့နယ် ဆွတ်ပလောင်းကျေးရွာအရောက်တွင် လမ်း၏ယာဘက် ပေ ၅၀ ခန့်နက်သည့် နမ့်လုံချောင်းအတွင်းသို့ ထိုးကျ **(အောက်ပုံ)**သွားခဲ့သည်။ ထိုသို့ ထိုးကျသွားသဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ၂၃ ဦးအနက် မလှိုင်မြို့နယ် ရေကမိုးရွာနေ ကိုစိုးမိုး (၃၅)နှစ်ပါ ကျားနှစ်ဦး၊ မငါးဦး၊ ကလေးတစ်ဦး စုစုပေါင်း ရှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများအား မိုင်းဖြတ်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးသွားခဲ့သည်။

ထို့ပြင် ကျန်ရှိသည့် ခရီးသည် ၁၄ ဦးအနက် မိတ္ထီလာမြို့ ရွှေတောရွာနေ ဗလ(ခ)ထွန်းထွန်းနိုင် (၂၉) နှစ်နှင့် အမျိုးသမီးတစ်ဦးတို့တွင် ဦးခေါင်းထိခိုက်မိပြီး သတိမရ၊ ယာဉ်မောင်း ဦးကြည်ဝင်း (၅၄)နှစ်ပါ ၁၂ ဦးတွင် ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဦးကြည်ဝင်းအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

မိုးကြိုးလျှပ်စီးကြောင့် သုံးဦးသေ ကိုးဦးဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် အရှေ့တောင်ဘက် (၂၅) မိုင်ခန့်အကွာ နားမော်ရွာအခြေခံပညာ မူလတန်းလွန်ကျောင်းတွင် စက်တင်ဘာ ၁၄ ရက်က မိုးကြိုးပစ်သဖြင့် လျှပ်စီးဝင်ကာ ၎င်းရွာနေ မသက်သက်ဝေ(၁၂)နှစ်ပါ ကျောင်းသူ သုံးဦး သေဆုံးခဲ့ပြီး မအေးနှင်းနွယ် (၁၂)နှစ်ပါ ကိုးဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် နောင်ပိုအောင်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ညီ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် ဟုမ္မလင်းခတင် (၁၀၀) ဆေးရုံမှ ဒေါက်တာချိုပြုံးတို့ပါဝင်သော ပူးပေါင်းအဖွဲ့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် နောင်ပိုအောင်တိုက်နယ်ဆေးရုံသို့ ထွက်ခွာသွားပြီး ဟုမ္မလင်းမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁၇/၂၀၁၃ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

စိတ်ကြွဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၆

တရင်ပြည်နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၄ ရက်က ဘားအံမြို့နယ် အိန္ဒုကျေးရွာနေ မနန်းဖော်ထွန့် (၃၀)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မနန်းဖော်ထွန့်နှင့်အတူ ၎င်းအိမ်သို့ မူးယစ်ဆေးဝါးရောင်းဝယ်ရန် ရောက်ရှိနေသူ ကော့ဝုန်းကျေးရွာနေ စောရင်အေး(ခ)အခလိန်း(၂၀)နှစ်ပါ နှစ်ဦးတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ပန်းရောင်စိတ်ကြွဆေးပြား ၂၆၆ ပြား (အလေးချိန် ၂၆ ဒသမ ၆၇ရမ်) တန်ဖိုးငွေကျပ် ၉၃၁၀၀၀ နှင့် ဘုရားခန်းအတွင်း ချိတ်ဆွဲထားသည့် အနက်ရောင် လွယ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေကျပ် ၂၁၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနန်းဖော်ထွန့်ပါ သုံးဦးတို့အား အိန္ဒုနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မနန်းဖော်ထွန့်၏ နေအိမ်အတွင်း ထပ်မံရှာဖွေနေစဉ် ယင်းကျေးရွာနေ ဦးမုနိန်(၄၂)နှစ်သည် ၇ယ/---- နံပါတ်ပါ ဝေ့ဖ်ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါး ဝယ်ယူရန် ရောက်ရှိလာသဖြင့် ၎င်းလွယ်ထားသည့် အပြာရောင်လွတ်အိတ်အတွင်း ရှာဖွေခဲ့ရာ ၉ မမတျည် ခြောက်တောင့်ထည့်ထားသည် တရုတ်နိုင်ငံလုပ် ပစ္စတိုတစ်လက်နှင့် အနက်ရောင်အိတ်ငယ်အတွင်းမှ ပွိုင့် ၂၂ ကျည် လေးတောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဦးမုနိန်အား လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားသည်။

အလားတူ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကျုဒိုးမြို့ အမှတ်(၂)ရပ်ကွက်နေ လေးလှ(ခ)ညဏ်ထွန်း(၄၀)နှစ်၏ နေအိမ်အား စက်တင်ဘာ ၁၄ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွဆေးပြား ၁၇၇ ပြား (အလေးချိန် ၁၇ ဒသမ ၇ဂရမ်) စုစုပေါင်းတန်ဖိုးငွေကျပ် ၇၀၈၀၀၀၊ ငွေကျပ် ၅၃၀၀၀၊ ၀၉/--- နံပါတ်ပါ နိုကီရာဖုန်းတစ်လုံး၊ ချီကာဂိုတံဆိပ်ပါလက်ထိတ်တစ်စုံ၊ Icon တံဆိပ် စကားပြောစက်တစ်လုံး၊ အားသွင်းခုံတစ်ခု၊ Made in Czecholovakia တံဆိပ်ပါ အိတ်ဆောင်ပစ္စတိုတစ်လက်၊ ယင်း ကျည်ဘောက်တစ်ခု၊ ၂ ဒသမ ၅ Auto ကျည်ငါးတောင့်၊ Mabangkok စာတန်းပါ အနက်ရောင် ချိုင်းစလွယ်သေနတ်အိတ်တစ်ခုနှင့် ကတ်ကြေးတစ်လက်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လေးလှ(ခ) ညဏ်ထွန်းအား ကျုဒိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ရန်

Air Conနှင့် လျှပ်စစ်ကျွမ်းကျင်အလုပ်သမား အလိုရှိသည်။

ကျွမ်းကျင်လက်မှတ်များ ပါရမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၃၄၂၆၀

ပြည့်စွက် ဖတ်ရှုပါရန်

၁၆-၉-၂၀၁၃ရက် ထြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းဖိတ်ကြားလွှာတွင် Topics(1)၏ အဝေ့ယမှာ-

"စံချိန်စံညွှန်းပြည့်မီပြီး ဘေးကင်း၍ အာနိသင်ရှိသောဆေးဝါးများ ထုတ်လုပ်ပေးရန်မှာ ဆေးဝါးပညာရှင်များ၏တာဝန်ဖြစ်သည်"

Speaker President (MPA)ဦးဖိုးကျား ဟု ပြည့်စွက်ဖတ်ရှုပါရန်။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း (အလယ်)၊ အမှတ်-၅၀(၆-လွှာ)တွင်နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးချစ်ကိုကို ၉/ပမန(နိုင်)၀၈၃၆၇၄ ပါသည် အောက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၀၁၉၈/ ၂၀၁၃) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

DEER

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မျိုးစေ့အမျိုးမျိုး၊ သစ်စေ့၊ စိုက်ပျိုးရေးသုံး မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာအရည်၊ အမှုန့်အမျိုးမျိုး၊ အပင်ဟော်မုန်းအားဆေးအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချကြော်ငြာသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပဖြုလုပ်ဖြန့်ဖြူးရောင်းချ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်သုံးစွဲခဲ့ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျူးခေါင်	ဦးရဲညွှန့်
LL.B., D.B.L., D.M.L	H.G.P, D.L 101, I.P, WIPO(Switzerland
တရားလွှတ်တော်ရှေ့နေ	ဘဏ်ရှေ့နေနှင့် အထက်တန်းရှေ့နေ
(စဉ်- ၄၂၈၀)	(စဉ်- ၉၆၄၁)

အမှတ်- ၀၀/၀၂(ပထမထပ်)၊ အခန်း- ၀၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၆၉၀၃၊ ၀၉-၅၁၁၄၅၇၅

Apple Production Co.,Ltd. ရန်ကုန်(ရုံး)-01-581391,581844,581886 မန္တလေး-02- 5152320,5152321

အထက်မြန်မာပြည်သတင်း

အမရပူရမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများ အကူအညီများ လိုအပ်လျက်ရှိ

မန္တလေး စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း နေအိမ်များသို့ ရေဝင်ကာ ရေနစ်မြုပ်လျက်ရှိရာ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေကြရပြီး အကူအညီများလိုအပ်လျက်ရှိကြောင်း ရွှေကြက်ယက်ကျေးရွာအုပ်စု ကယ်ဆယ်ရေးစခန်းမှ သိရသည်။

ရွှေကြက်ယက်ကျေးရွာအုပ်စုတွင် ကျေးရွာ ၂၄ ရွာရှိရာ ရွှေထေးရွာမ၊ မိုးကောင်း၊ ကွက်သစ်(၁)(၂)(၃)၊ ခြောက်သွေးသောက်၊ ကံထော်၊ ထိုက်စီး၊ ကတ္တီပါ၊ယက္ကန်ထော်၊ နန်းမကော်၊ ပတ္တမြား၊ စရွှေ၊ အိမ်မြင့်၊ ရွာသစ် အစရှိသော ကျေးရွာများမှ နေအိမ်များသို့ ရေဝင်ရောက်နေပြီး ရေလွတ်ရာသို့ ပြောင်းရွှေ့နေကြရသည်။ စက်တင်ဘာ ၁၀ ရက် နောက်ပိုင်းမှ စကင်ကာ ရေများဝင်ရောက်နေခြင်းဖြစ်ပြီး စက်ထင်ဘာ ၁၄ ရက်က စစ်ကိုင်း-မန္တလေး ထမ်းမပေါ်သို့ ရေများကျော်နေသည်ကို တွေ့ရသည်။ အဆိုပါ ရေနစ်မြုပ်သည်အိမ်များမှ မိသားစုများသည် စစ်ကိုင်း-မန္တလေး လမ်းဘေးတွင် နေထိုင်ကြပြီး အချို့မှာ ရေလွတ်ရာ ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း ပရိဝုဏ်နှင့်မိတ်ဆွေများ၏ နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ရေဘေးဒုက္ခရောက်နေသူများအား ပရဟိတအသင်းအဖွဲ့များမှ ထမင်းထုပ်၊ ရေနှင့် အစားအသောက်များ လာရောက်လှူဒါန်းနေခြင်းများရှိသော်ထည်း အကူအညီမရရှိသေးသည်နေရာများစွာရှိနေသေးကြောင်း ကယ်ဆယ်ရေးဆောင်ရွက်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်ကိုခင်ဇော်က ပြောသည်။

အမရပူရမြို့နယ်အတွင်း တောင်သမန်အင်းဘေး ဦးပိန်တံတားအနီးရှိ ရွှေကွမ်းထုတ်ရပ်ကွက်၊ထရုထ်ထန်းလေးရပ်ကွက်၊ တရုတ်တန်းကြီးရပ်ကွက်တို့တွင် လူနေအိမ်များရေနစ်မြုပ်နေပြီး လူဦးရေ ၈၀၀ ကျော်မှာ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ရေဘေးဒုက္ခရောက်ရှိနေကြောင်း တရုတ်တန်းလေးရပ်ကွက် ရာအိမ်မှူး ဦးအေးကိုကိုက ပြောသည်။ အဆိုပါ ရေဘေးဒုက္ခရောက်နေကြသူများသည် နဂါးရုံဘုရားနှင့် နီးစပ်ရာ ဆွေမျိုးမိတ်ဆွေများ၏ နေအိမ်များတွင် နေထိုင်လျက်ရှိပြီး အကူအညီများလိုအပ်လျက်ရှိကြောင်း သိရသည်။ **(၀၀၂)**

မန္တလေးမြို့တော်ခန်းမ၌ ကွန်ပျူတာ သတင်းအချက်အလက် နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

မန္တလေး စက်တင်တာ ၁၆

ပဥ္စမအကြိမ်မြောက် ကွန်ပျူတာ သတင်းအချက်အလက်၊ နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော် ICT Expo 2013 Mandalay အား စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပြပွဲကို နေစဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီထိဖွင့်လှစ်မည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ပဥ္စမအကြိမ်မြောက် ကွန်ပျူတာ သတင်းအချက်အလက်၊ နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်တွင်ကုမ္ပဏီ ၅၂ ခုမှ ပြခန်းပေါင်း ၈၂ ခန်းခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ ပြပွဲတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊Notebook ကွန်ပျူတာများ၊ စားပွဲတင်ကွန်ပျူတာများ၊ ဒစ်ဂျစ်တယ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ နောက်ဆုံးပေါ်ခေတ်မီ ICT နည်းပညာများကို ပြသသွားမည်ဖြစ်သည်။ ပြခန်းအသီးသီးတွင် သက်ဆိုင်ရာကုမ္ပဏီများမှ ကစမ်းမဲအစီအစဉ်၊ ထက်ဆောင်ပေးမည် အစီအစဉ်၊ ဈေးလျှော့ရောင်းချမည် အစီအစဉ်များကိုလည်း ဆောင်ရွက်ကြမည်ဖြစ်ရာ ထုထာဝယ်ယူထိုသူများအနေဖြင့် မိမိလိုအပ်သည် ပစ္စည်းများကို တစ်နေရာတည်းတွင် နှိုင်းယှဉ်ဝယ်ယူနိုင်ကြမည်ဖြစ်သည်။

မန္တထေးမြို့တွင် ကွန်ပျူတာအသင်းမှ ကွန်ပျူတာနည်းပညာပြပွဲ၊ ဈေးရောင်းပွဲကို တစ်နှစ်လျှင်နှစ်ကြိမ်ပြုလုပ်လေ့ရှိပြီး ပြီးခဲ့သည် ဖေဖော်ဝါရီလက အသင်းစတင်တည်ထောင်သည် ၁၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် (၁၁)ကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဘဦး(မန်း)

စဉ့်ကိုင်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများ ကူညီထောက်ပံ့

စဥ့်ကိုင် စက်တင်ဘာ ၁၆

ဧဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် မြစ်ရိုးတစ်လျှောက် စဉ်ကိုင်မြို့နယ်အတွင်းရှိကျေးရွာအချို့ ရေဝင်ရောက်သောကြောင့် ရေဘေးသင့်ပြည်သူများကို ရေလွတ်ရာသို့ ရွှေ့ပြောင်းထားပြီး မန္တထေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အနီးကပ်ကြီးကြပ်မှု၊ ဒေသဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေ၊ စားနပ်ရိက္ခာ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၃ ရက်က ရေဝင်ကျေးရွာများအလိုက် ဖွင့်လှစ်ထားသော ယာယီရွှေ့ပြောင်းစခန်းများသို့ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန် ၂၆ အိတ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆန် ၄၄ အိတ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ခေါက်ဆွဲခြောက် ၁၇ ဖာနှင့် သောက်ရေသန့် ခြောက်လုံးတွဲပါ ၄၀၀ တို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စဉ်ကိုင်မြို့နယ်အတွင်း ဧဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများဖြစ်သော မြောက်ကိုင်း(ရှေ့)၊ အင်းထေးခြံ၊ ဆယ်နှစ်ကိုင်း၊ မြောက်ကိုင်း(အနောက်)၊ မြောက်ကိုင်း(တောင်)၊ ဗျည်းလော၊ တဘက်ဆွဲ၊ တစ်မျှော ကျေးရွာများတွင် စက်တင်ဘာ ၉ ရက်က ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၀ ရွာ ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၄၉၉၊ အိမ်ထောင်စု ၅၃၂ ကျော်၊ လူဦးရေ ၂၃၀၆ ဦးအား ယာယီစခန်းများဖွင့်လှစ်ကာ ရေလွတ်ရာသို့ တာဝန်ရှိသူများက ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းသား ကျောင်းသူများအား အာဟာရနို့တိုက်ကျွေး

နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမက (၁၃၆) ချောင်းဖျားရှိ ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက အလှူရှင် ခရေဝင်လမ်းခွဲနေ ဦးစန်းဦး၊ ဇနီး ဒေါ်ခင်မြတ်သစ်ထိုင်၊ သမီး မရွှေစင်အိတို့က နို့အာဟာရကိုက်ကျွေးရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းနှင့် ဆရာ ဆရာမများက ပံ့ပိုးကူညီတိုက်ကျွေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

အစိုးရကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Battery, Tyre & Tube	၁၀ မျိုး
(ခ)	စက်ဆီ/ချောဆီ	၅ မျိုး
(ဂ)	စာရေးကိရိယာ	၂၃ မျိုး

၂။ တင်ဒါပိတ်သိမ်းမည်နေ့မှာ ၀၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၀၆း၃၀နာရီဖြစ်ပြီး၊ တင်ဒါပုံစံများကို ၂၄-၉-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၀၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Shwe Li-3)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.18/DHPI/Concrete Pole/ 2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Concrete Pole (12m)	780Nos

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၂-၁၀-၂၀၁၃ ရက် ၀၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက် မွန်းတည့် ၀၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၀၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၁၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၁၈၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က) မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်ခြင်း။
(ခ) သပိတ်ကျင်းဘဏ်ခွဲငွေသိုလောင်ခန်း(Vault)အသစ်ဆောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၈-၉-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည်လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည်။
တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး)အမှတ်(၀၈၆)၊ ၈၃လမ်း၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၃၅၆၄၃၊ ၀၂-၂၄၉၄၃

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့်ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆေးဝါးထုတလုပ်ရေးစက်ရုံအတွက် မွေးမြူရေးဆေးဝါးကုန်ကြမ်း(၁၁)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

(က)	အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေ့ရက်နှင့်အချိန်	- ၂၄-၉-၂၀၁၃ရက် - နံနက် ၁၁ နာရီ(အင်္ဂါနေ့)
(ခ)	အိတ်ဖွင့်တင်ဒါ ကျင်းပပြုလုပ်မည့်နေ့ရက်နှင့်အချိန်	- ၂၇-၉-၂၀၁၃ရက် - ၀၃း၀၀နာရီ(သောကြာနေ့)
(ဂ)	အိတ်ဖွင့်တင်ဒါကျင်းပပြုလုပ်မည်နေရာ	- မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ဘုတာရုံလမ်း၊ အင်းစိန်

၂။ တင်ဒါပေးသွင်းရမည်အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ဝယ်ယူရေးနှင့်တင်ဒါဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဆက်သွယ်ရန်ဖုန်း-၆၄၁၁၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည့်တက္ကသိုလ် (၂)ထပ် စာသင်ဆောင်(၂)လုံးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	3"x3" x3/8"x M.S Angle 6 metre	340 Nos
၂။	Colour Metal Sheet 0.346 mm 4 Angle	8000 Rft

၂။ တင်ဒါပိတ်မည်နေ့ရက်နှင့်အချိန် - ၁-၁၀-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီ

၃။ ထင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ၁-၁၀-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီ

၄။ ထင်ဒါစိစစ်ရွေးချယ်မည်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ ရန်ကုန်-မန္တလေးလမ်း၊ ဝင်မအလုပ်ရုံ(မြောက်)ဘေးထမ်း

၅။ အိတ်ဖွင့်ထင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၁၈-၉-၂၀၁၃ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

အထက- ၄ အလုံ GRADE 5 Bမှ (ဘ)ဦးရဲဒွေး၏သား မောင်အောင်ခေတ်ပိုင်အား မောင်ရှိုင်းဘုန်းမြတ်ဝင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် အ. ထ. က(၁)ဒသမတန်း Dမှ မောင်မျိုးထက်ဝင်း၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်အမှတ် D.K.U-၀၂၀၇၀၃ အရ ဦးမြင့်နိုင်ဖြစ်ပါသည်။

ချင်းပြည်နယ် ဖလမ်းမြို့တွင် ပြတ်ရွေ့ကြောများကြောင့် အန္တရာယ်ရှိသည့်နေရာများ၌ နေထိုင်ခြင်းမပြုရန်တားမြစ်ထား

ကလေး စက်တင်ဘာ ၁၆

ချင်းပြည်နယ် ဖလမ်းမြို့တွင် မြေပြိုခြင်းမှအစပြု၍ ပြတ်ရွေ့ကြောများကြောင့် အန္တရာယ်ရှိသည့်နေရာများ၌ နေထိုင်ခြင်းမပြုရန် ချင်းပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီးက သတိပေးတားမြစ်ထားသည်။

ဖလမ်းမြို့နယ်တွင် ဩဂုတ်လအတွင်းက ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုများကြောင့် မြို့ပေါ်နှင့်အနီးအနားကျေးရွာများပြောင်းရွှေ့ရမြင်းများကို ပြည်နယ်အစိုးရအဖွဲ့တပြည်ထောင်စုအစိုးရသို့ထင်ပြခဲ့ရာ ဘူမိဗေဒပညာရှင်များက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖလမ်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ တည်ဆောက်ထားသည့် လိုင်ဇိုးရွာ၊ ဇာလိုင်ရွာနှင့် ကျင်မွာလ်ရပ်ကွက်၊ ဘလိုင်ရပ်ကွက်များသည် ပြတ်ရွေ့ကြောင်းများကြောင့် မြေပြိုမှုအန္တရာယ်ရှိနိုင်သည်ဟု ဘူမိဗေဒပညာရှင်အဖွဲ့က ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြထားပြီးနောက် ပြည်နယ်ဝန်ကြီးက ယခုကဲ့သို့ တားမြစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"နာဂတောင်တန်းနဲ့ အာသံပြည်နယ်မှာ လျှောင်လုပ်ခတ်မှု ဖြစ်ပေါ်စေတဲ့ ပြတ်ရွေ့ကြောင်းအမျိုးအစားကို ဖလမ်းမြို့နယ်မှာ တွေ့ရတယ်။ဖလမ်းကအထက်တန်းကျောင်းခွဲကို မြို့ပေါ်က နေရာတွေကို ပြောင်းရွှေ့ဖို့သတိပေးချက် ထုတ်ပြန်ထားတယ်။ မြေလွှာတွေ အက်နေတယ်။ အချိန်မရွေး အန္တရာယ်ရှိနိုင်တဲ့အတွက် နေထိုင်ဖို့ လုံးဝခွင့်မပြုဘူး။ မိုးကြီးတဲ့အချိန်မှာတောင် ကမ်းပါးတွေ အချိန်မရွေးပြိုကျနိုင်ပါတယ်"ဟု ဘူမိဗေဒလေ့လာရေးနှင့် ခေတ်သတ္တုရှာဖွေရေးအဖွဲ့မှ ဘူမိဗေဒအရာရှိ ဒေါက်တာမြင့်စိုးက ပြောသည်။

ဖလမ်းမြို့နယ်၏ မြေပြိုမှုအနေအထား စစ်ဆေးတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပြီး ဟားခါးမြို့နယ်ကိုလည်း ဆက်လက်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ထားသည့် ဇာလိုင်ကျေးရွာနှင့် လိုင်ဇိုးရွာနှစ်ရွာတွင် အိမ်ထောင်စု ၁၃၀ ၊ လူဦးရေ ၆၁၅ ဦးရှိပြီး ပြောင်းရွှေ့ရွာများရှိ နေအိမ်များ ပြန်လည်ထူထောင်နိုင်ရေး ပြည်နယ်အတွင်း အလှူငွေများထည့်ဝင်ရန် နှိုးဆော်ထားကြောင်း၊ ယခုကဲ့သို့ မြေပြိုမှုဖြစ်စဉ်မျိုးသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်က တစ်ကြိမ်သာဖြစ်ပေါ်ခဲ့ဖူးကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ် ဖလမ်းမြို့တွင် မြေပြိုနိုင်သည့် ပြတ်ရွေ့ကြောင်းအန္တရာယ်များက အပြိုင်ဖြစ်ပေါ်နေပြီး လူဦးရေထူထပ်လာသောကြောင့် မတ်စောက်သည့် တောင်ကမ်းပါးယံများနှင့် လျှိုမြောင်များတွင် လူနေအိမ်များဆောက်လုပ် နေထိုင်မှုများပြားလာကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်ခြေ)

မြေသားနံရံပြိုပြီး နိမ့်ဆင်းခဲ့သဖြင့် ဖွဲ့တွန့်တံတားပြုပြင်လျက်ရှိ

ခရမ်း စက်တင်ဘာ ၁၆

စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တို့ ဆက်သွယ်ထားသည့် မိုင်တိုင်အမှတ် (၁၀/၇)၊ တံတားအမှတ် (၃/၃၁) သံပေါင်ဘေလီ အမျိုးအစား ဖွဲ့တွန့်တံတားမှ ခရမ်းမြို့နယ်ဘက်ခြမ်းရှိ ကမ်းကပ်ခံသည့် ဖွဲ့တွန့်နယ်စပ်ချောင်းရေ တိုက်စားမှုကြောင့် မြေသားနံရံ ပြိုကျကာ လက်ဝဲဘက်တံတားကြမ်းခင်းမျက်နှာပြင်မှာ ရှစ်လက်မခန့်နိမ့်ဆင်းသွားခဲ့ကြောင်းသိရပြီး**(အပေါ်ပုံ)** တံတားကြံ့ခိုင်မှုအနေအထားအရ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့် ရပ်ဆိုင်းထားကြောင်း၊ လူနှင့် စက်ဘီး၊ ဆိုင်ကယ်တို့ကိုသာ ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါတံတားအား ရမ်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်နီလာမြင့်နှင့်အဖွဲ့တ အမြန်ဆုံးပြုပြင်ဆောင်ရွက်ထျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် ဆုပေးပွဲကျင်းပ

ရေတာရှည် စက်တင်ဘာ ၁၆

နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြင့်မြင်း အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးကျော်က လူကုန်ကူးမှုဖြစ်ပေါ်လာပုံ၊ လူကုန်ကူးခံကြရသူများ၏ အတိဒုက္ခရောက်ကြရပုံ၊ လူကိုလူချင်း ခေါင်းပုံဖြတ်သော လူကုန်ကူးသူများကို အမျိုးသားရေးအသွင်ဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဖော်ထုတ်ရေးအစရှိသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ **ကိုလွင်(ဆွာ)**

တောင်ငူမြို့ရှိနံရံကပ်စာပေရေချမ်းစင် (၁၈)ခုတွင် စာအုပ်များဖြည့်

တောင်ငူ စက်တင်ဘာ ၁၆

တောင်ငူခရိုင် တောင်ငူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာပေရေချမ်းစင်များအား ဆေးရုံ၊ တောင်ငူတက္ကသိုလ်၊ မြို့မဈေး၊ တရားရုံး၊ အမေ့စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင် စသည်ဖြင့် လူစည်ကားရာ နေရာ ၁၈ ခုတွင် ဖွင့်လှစ်ထားရာ အဆိုပါ စာပေရေချမ်းစင်များတွင် စက်တင်ဘာ ၁ရက်က စာပေရေချမ်းစင် စာစဉ်အတွဲ(၁)၊ အမှတ်(၃)စာအုပ်များ ထပ်မံဖြည့်သွင်းခဲ့သည်။

Mini Book Corner များတွင် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ အတ္ထုပ္ပတ္တိစသည်ဖြင့် ဘာသာရပ် ၁၂ မျိုးအတွက် စာစဉ်များ လစဉ်ထုတ်ဝေဖြည့်တင်းပေးလျက်ရှိရာ စာပေဝါသနာရှင်များ နှစ်ခြိုက်သဘောကျကြကြောင်း တောင်ငူမြို့ စာပေလေ့လာဖတ်ရှုသူစာဖတ်ပရိသတ်များထံမှ သိရသည်။ **(မောင်ရွှေဝင်း)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမည်
(က)	၂၅၄/မမ/CE	ဥသျှစ်ပင်-သရက်-မင်းဘူးလမ်းအတွက် လမ်းခင်းကျောက် (1" x 1½") (၁၀၀၀) ကျင်း ဝယ်ယူရန်
(ခ)	၂၅၅/မမ/CE	Gantry Crane ပစ္စည်း(၆)မျိုး (41.52)Tons အား ရန်ကုန်မှ သီပေါသို့ သယ်ပို့ရန်
(ဂ)	၂၅၆/မမ/S&T	မန္တလေး၊ နေပြည်တော်၊ပဲခူး၊ တောင်ငူ၊ပျဉ်းမနား၊ သာစည်၊ရွာထောင်၊ မြစ်ကြီးနား၊ သထုံ၊ ကျိုက်ထို ဘူတာတို့တွင် Digital Display Board များနှင့် ရထားထွက်ချိန် အချက်ပေး ခေါင်းလောင်းသံစနစ်များ တပ်ဆင်ရန်၊
(ဃ)	၂၅၇/မမ/CTM	ရှာဂျင်သွင်း လက်နှိပ်ဓါတ်မီး (၃၇၀၀)လုံး ဝယ်ယူရန်

တင်ဒါပိတ်မည့် နေ့/အချိန် - ၀၆ . ၁၀ .၂၀၁၃ (ဗုဒ္ဓဟူး နေ့)(၁၂.၀၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆.၉.၂၀၁၃)ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။
ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352, 291994

ရွှေဝယ်ရင် ရီလုံမှာ စိတ်ချရတယ်
ယုဇနပလာဇာသို့ ကြွခဲ့ပါ
ရီလုံရွှေဆိုင်ကြီး(လက်လီလက်ကား)
၁၅ပဲရည်၊ ၁၆ပဲရည် အာမခံ
ရီလုံ (၁) - အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၂၀၀၇၄၇ (Ext.)၂၀၀၈၊ ၀၉-၄၅၀၀၅၁၃၁၃
ရီလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား
အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၂၀၀၇၄၇ (Ext.) ၂၈၀၀
ရီလုံ (၃) - (ပလက်တီနမ်ဆိုင်)ကိုနိုင်နိုင်ဦး+မလဲ့ရည်ရှား(C-5)၊ ပထမထပ်
☎- ၂၀၀၇၄၇ (Ext.) ၂၈၀၀
ချမ်းလုံရွှေဆိုင် - ဒေါက်တာတင်အောင်ဝေ+ဒေါက်တာချောစုငယ်
အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎-၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.)၂၂၂၅
ချွန်းလုံရွှေဆိုင် - ကိုဘုန်းကျော်ဝေ+မငုဇင်သိန်း
H - 10၊ ယုဇနပလာဇာ (ပထမထပ်)။
☎-၇၃၀၅၃၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁-၂၀၀၇၄၇ (Ext.)၂၈၈၀
ရီလုံရွှေဆိုင်ကြီး ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

သံစဉ်သံလှိုင်းဖန်တီးစေရာ ကွန်ပျူတာ

FL Studio 11
မိုးထိအောင်
သံစဉ်သံလှိုင်းဖန်တီးစေရာ ကွန်ပျူတာ
ကွန်ပျူတာအခြေခံအသုံးပြုတတ်ရုံဖြင့်ဂီတသံစဉ်များဖန်တီးမွေးထုတ်နိုင်ပြီ
မျက်မှန်စာပေ — ဖုန်း— ၀၉ ၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂

ဆယ်တန်းဖြေဆို/အောင်မြင်ထားသူများ၊ A.G.T.I, B-Tech အောင်မြင်ထားသူများနှင့် ညီသည့်တွဲ့ရမဆိုတက်ရောက်နိုင်သော
နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာနှင့် IT ဒီပလိုမာသင်တန်းများ
City & Guilds Diploma and Advanced
+ Civil
+ Electronic
+ Mechanical
+ Mechatronic
+ Mechanical & Electrical(M&E)
+ Electrical Installation
+ Air-Con; & Refrigeration
+ Plumbing
+ Electrical
၆လ (သို့) ၁ နှစ်
Diploma in IT
- Diploma in IT System Support
- Diploma in Software Developer
Foundation တန်းများ စက်တင်ဘာ(၂၆)စမည်။
စက်တင်ဘာ(၂၆)မတိုင်မီ အပ်နှံသူများအတွက် 20% Off
❖ ဘော်ဒါဆောင်ရှိသည်။
စနေ၊ တနင်္ဂနွေ ရုံးချိန်လွတ်တန်းခွဲများတက်ရောက်နိုင်သည်။
TECH
အမှတ်(၁၁)၊အောင်မြေသာစည်လမ်း၊ဆင်ရေတွင်းမှတ်တိုင်၊ကမာရွတ်။
☎ 01 523579, 01 2304055, 09 49341594, 09 73043681
Wifi Free

ကောင်းကျိုးပေးစေသော နာမည်မှည့်ခေါ်နည်းများ

မရမ်းတလင်းအယူတော်မင်္ဂလာ
ဝင်းဇော်(သစ်တော)
ကောင်းကျိုးပေးစေသော နာမည်မှည့်ခေါ်နည်းများ
ဆရာကြီးမင်းသိခ် ၏ သင်ကြားပို့ချချက်များစုစည်းမှု
အရောင်းဆိုင်၊ ကုမ္ပဏီ လုပ်ငန်းတွေ အမည်ပေးမယ်ဆိုရင်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည့် လူ့ဘဝတွေမှာ ထူးချွန်ထက်မြက်စေဖို့အတွက်၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာ လုပ်ငန်းများ အောင်မြင်စေဖို့အတွက် .... ဒီစာအုပ်ရှိမှဖြစ်မယ်။
အလုပ်ကောင်းမှ နာမည်ကောင်းမယ်၊ အလုပ်ကောင်းဖို့လည်းနာမည်ကောင်းကောင်းမှည့်ဖို့လိုတယ် အမျိုးဘာသာ၊ သာသနာကို ကောင်းစွာစောင့်ထိန်းနိုင်မယ့် လူတော် လူကောင်းလေး တွေဖြစ်လာမယ့် ကလေးတွေရဲ့ နာမည်ကို မှည့်ပေးရတာ ဂုဏ်ယူရပါ၏
မင်းသိခ်
မရမ်းထထင်းစာပေ — ဖုန်း—၀၁ ၅၄၃၂၉၇၊ ၀၉ ၇၃၀၀ ၂၉၆၅

ပြည်တွင်းရေးရာ

မှတ်ဉာဏ်အားကောင်းစေနိုင်တဲ့ ချောကလက်ဖျော်ရည်

ကိုကိုး(ခေါ်)ချောကလက်ဖျော်ရည်ပူပူ တစ်နေ့ နှစ်ခွက် ပုံမှန်သောက်ပေးခြင်းက ဦးနှောက်ကိုကျန်းမာစေပြီး မှတ်ဉာဏ်စွမ်းရည် တိုးတတ်မြင့်မားလာစေတယ်လို့ ဟားဗတ်ဆေးတက္ကသိုလ်မှ ဆေးသုတေသီများက အကြံပြုထားကြပါတယ်။

ဟားဗတ်ဆေးတက္ကသိုလ်မှ ဆေးသုတေသီတွေရဲ့ စမ်းသပ်ချက်က ဒီလိုပါ။

ပျမ်းမျှ အသက် (၇၃)နှစ်အရွယ်ရှိ အဘိုးအဘွား ၆၀ တို့ကို တစ်နေ့လျှင် ချောကလက်ဖျော်ရည်ပူပူ နှစ်ခွက်နှုန်းနဲ့ ရက် ၃၀ ထိတိ တိုက်ကျွေးခဲ့ပါတယ်။

အဲဒီလိုတိုက်ကျွေးရာမှ အဘိုးအဘွား စုစုပေါင်း အယောက် ၆၀ကို အယောက် ၃၀ စီ အုပ်စုနှစ်စု ခွဲပါတယ်။

အုပ်စု(က)ကို ကိုကိုး(ခေါ်) flavanol ဓာတ် မြင့်မားစွာပါတဲ့ ချောကလက်ဖျော်ရည်ပူပူ(ပျစ်ပျစ်) သောက်သုံးစေပြီး ကျန်အုပ်စု(ခ)ကို flavanol ဓာတ် နည်းနည်းသာပါတဲ့ ချောကလက်ဖျော်ရည်ပူပူ(ကျဲကျဲ) သောက်စေပါတယ်။

အဲဒီလို ဖျော်ရည်သောက်နေစဉ် ကာလပတ်လုံး အဘိုးအဘွားတွေရဲ့ မှတ်ဉာဏ်စွမ်းအားနဲ့ အဖြေမှန်တုံ့ပြန်နိုင်မှုကို ဉာဏ်စမ်းမေးခွန်းလေးတွေနဲ့ စမ်းသပ်မေးမြန်းတဲ့အခါ ဖျော်ရည်ပျစ်ပျစ်သောက်သူတွေမှာ ယခင်က မေးခွန်းတစ်ခုအတွက် အဖြေမှန်ရဖို့ ၁၆၇ စက္ကန့်ကြာမှသာ ဖြေဆိုနိုင်သော်လည်း သောက်ပြီးနောက်မှာတော့ ၁၁၆ စက္ကန့်မှာ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ (ချောကလက်ဖျော်ရည်ကျဲကျဲ သောက်သူတွေမှတော့ ထူးထူးခြားခြား တုံ့ပြန်မှုစွမ်းအား တိုးတက်မလာပါဘူးတဲ့)

ရက် ၃၀ ကြာတဲ့အခါ ချောကလက်(ပျစ်ပျစ်)သောက်သူတွေက ယခင်ကထက် မှတ်ဉာဏ်စွမ်းရည် ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ဆိုပါတယ်။

ဒါတင်မကသေးပါဘူး။ အဲဒီလိုစမ်းသပ်ကာလအတွင်း အဘိုးအဘွား အယောက် ၆၀ ရဲ့ဦးနှောက်ကို ဓာတ်မှန်ရိုက်၊ MRI scans များနဲ့ ကြည့်တဲ့အခါမှာလည်း ဖျော်ရည်ကျဲကျဲသောက်သူတွေရဲ့ ဦးနှောက် အဖြူဖတ် ပတ်ပတ်လည်မှာ သွေးစီးဆင်းမှုမရှိပါဘူးတဲ့။ အဲဒါကို ဆေးသိပ္ပံပညာအရ "neurovascular coupling (ခေါ်)ဦးနှောက်အာရုံကြောတွေနဲ့ ဆက်စပ်နေတဲ့ သွေးကြောမှာ သွေးစီးဆင်းမှုပိတ်ဆို့ခြင်းရောဂါ"လို့ ခေါ်ပြီး ထိုရောဂါက Alzheimer (ခေါ်) ဦးနှောက်ဇရာကြီးအယ်လ်ဇိုင်းမားရောဂါနဲ့ ဆက်စပ်နေပါတယ်တဲ့။

ဟားဗတ်ဆေးတက္ကသိုလ်ရဲ့ အထက်ပါ စမ်းသပ်ချက်ကို Johns Hopkins ဆေးတက္ကသိုလ်မှ အယ်လ်ဇိုင်းမားရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်သူ Paul B. Rosenberg ဆိုသူကလည်း အတည်ပြုထောက်ခံထားပြီး ကိုကိုး(ခေါ်)အမည်းရောင်ချောကလက်ဖျော်ရည်နေ့စဉ်သောက်သုံးခြင်းက သွေးလည်ပတ်မှုကောင်းစေတာကြောင့် ဦးနှောက်၊ အာရုံကြော၊ နှလုံးရောဂါတို့အပြင် သွေးတိုးရောဂါကိုပါ ကျစေတယ်လို့ ထင်လောင်းအကြံပြုထားပါတယ်။

ထို့ကြောင့် အသက် (၇၀) ဝန်းကျင် မိခင်၊ ဖခင်နဲ့ အဘိုးအဘွားများကို ကော်ဖီ၊ လက်ဖက်ရည်တိုက်မယ့်အစား ကိုကိုး (ခေါ်) ချောကလက်ဖျော်ရည်ပူပူ တစ်နေ့ နှစ်ခွက် တိုက်ကျွေးရင်း ဒါနပြုသင့်ပါကြောင်း။

ပေါက်ပေါက်

စီးပွားရေးကြော်ငြာ

ရွှေဟောင်းစေတီများ မြစ်ရေတိုက်စားပြီး ကမ်းပြိုမည့်အရေး စိုးရိမ်နေ

ညောင်ဦး စက်တင်ဘာ ၁၆

ညောင်ဦးမြို့နယ် လက်ပံခြေပေါ် အုပ်စု အုန္နချောင်းကျေးရွာ ရွာဦးတွင် ဆုတောင်းပြည့်စေတီတော်နှင့် အုံကျော်စွာဘုရားနှစ်ဆူ ကမ်းပါးဝေါ်မေးတင်လျက် မြစ်ရေတိုက်စားပြီး ပြိုကျရန် ကမ်းပါးမြေအနည်းငယ်သာ ကျန်တော့သည်ကို သိရသည်။ အဆိုပါ ရွှေဟောင်းစေတီတော်သည် ပုဂံမင်းများလက်ထက်မှ တည်ထားကိုးကွယ်ခဲ့ပြီး ဧရာဝတီမြစ်ကြောင်းမှ လှေ၊ မော်တော်၊ သင်္ဘောကြီးငယ်မှ ဆလင်ဆရာများ အသိများခဲ့သော အုန္နချောင်း ဘုရားနွယ်ဆိပ်ကမ်းဟု အမည်တွင်လျက်ရှိသည်။ ထိုကဲ့သို့ ရွှေဟောင်းစေတီတော်နှစ်ဆူ မြစ်ရေတိုက်စားမှုဖြစ်မည့်အရေးကို ဒေသခံပြည်သူများ စိတ်ပူပန်လျက်ရှိသည်။ အဆိုပါ ကျေးရွာသည် ညောင်ဦး-

မြင်းခြံ ကားလမ်း၏ လက်ဝဲဘက်တွင် တည်ရှိပြီး ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်နှင့် ရေတွင်းရေကန် ပတ်လည်ဝိုင်းပြီး အလွန်ပင်ကျက်သရေရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ ဧရာဝတီမြစ်ဘက်မှ ကြည့်လျှင်လည်း ရှုခင်းသာဖွယ် ဧရာဝတီမြစ်နှင့် ပန်းသင့်သည်။ အဆိုပါ ကျေးရွာတွင် အိမ်ခြေငါးရာခန့်ရှိသည်။ ကျေးရွာပြည်သူများ တတ်နိုင်သမျှ လှူဒါန်းသည် ငွေနှင့် တစ်နှစ်တစ်ခါ ကမ်းပါးပြိုမှုမကာကွယ်ခဲ့ပြီး ရေကာတာများ ပြုလုပ်ခဲ့သည်မှာလည်း ဆယ်နှစ်တာမျှ ကြာခဲ့ပြီဖြစ်သည်။ ကုန်ကျငွေမှာလည်း အတော်များခဲ့သည်ဟု အဆိုပါကျေးရွာသူကျေးရွာသားများထံမှ သိရသည်။ အကယ်၍များ ကမ်းပါးပြိုပြီး စေတီနှစ်ဆူမျောဝါသွားရင် ကျေးရွာတစ်ရွာလုံး ယူကျုံးမရနိုင်ရာ တသကြမှာ အမှန်ပင်ဖြစ်ပါသည်။ သို့အတွက်ကြောင့် အဆိုပါ ရွှေဟောင်းစေတီတော် ကမ်းပါးပြိုကျမဘေးမှ ကင်းဝေးစေရန် ဆောင်ရွက်ပေးစေလိုကြောင်း ကျေးရွာနေ ပြည်သူများထံမှ သိရသည်။

ကျော်ငွေး (ညောင်ဦး)

သီတာမောင်နှမရေပွဲတော် ဆင်နွှဲကြစို့တူပျော်ပျော်

